# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၉၅)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၇ ရက် ၊ ၂၈–၉–၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေး

## တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်၌ တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်သို့ ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့က ဂါရဝပြုကြိုဆိုပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၇

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့။
မန္တလေး

# ပညာကို မနေမနား ကြိုးစားရှာဖွေရမည်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အရာရာကို ပညာဖြင့် လုပ်ကိုင်နေကြသည်။ ပညာဖြင့် ဆုံးဖြတ်နေကြသည်။ ပညာသည်သာ အရာရာကို ဖန်တီးနိုင်စွမ်းရှိသည်။ လောကုတ္တရာနယ်ပယ်တွင် ပညာသည် အမြင့်ဆုံးဖြစ်သည်။ လောကီနယ်ပယ်တွင်လည်း ပညာသည်သာအမြင့်ဆုံးဖြစ်သည်။ ပညာသည် အရာရာကို ဦးစီးဦးဆောင်ပဲ့ကိုင်ရှင်ဖြစ်သည်။ ပညာဟူသည် သင်ယူလေ့လာဆည်းပူးရာမှရရှိလာသည့်အသိကို အခြေခံလျက် ပိုမိုကောင်းမွန်သည့် စဉ်းစားဆင်ခြင်တွေးတော ကြံဆလုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်ကိုဆိုလိုသည်။ တစ်နည်းဆိုလျှင် ပညာကိုအခြေခံသည့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားမှုကိုဆိုလိုသည်။ ထို့ကြောင့် ပညာကို မနေမနား ကြိုးစားရှာဖွေရမည်ဖြစ်သည်။

အသိဉာဏ်ပညာဟူသည် ပညာကိုအခြေခံ၍ ဖြစ်ပေါ်လာသည်။ ပညာသည် လောကဓံနှင့် ကြုံတွေ့ရသည့်အခါ အောင်မြင်စွာရင်ဆိုင်ကျော်လွှားနိုင်စေမည့် စိတ်ဓာတ်နှင့် ရုပ်လက္ခဏာများကို တည်ဆောက်ပေးသည်။ အသိဉာဏ်ပညာ ဆင်ခြင်တုံတရားရှိလျှင် မိမိကိုယ်ကို ကျန်းမာအောင် နေထိုင်တတ်မည်ဖြစ်သည်။ ချမ်းသာအောင် ကြိုးစားအားထုတ်နိုင်တတ်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝရေး၊ ပညာကိုအခြေခံသည့်အသိပညာ၊ အတတ်ပညာရှိသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်လျက်ရှိသည်။ လူတိုင်းလူတိုင်း မွေးဖွားပြီးသည်မှ အသက်အရွယ်ရလာသည့်တိုင်အောင်ပညာကို လေ့လာဆည်းပူးနေကြသည်။ ငယ်စဉ်အခါပညာရှာဆိုသည့်အတိုင်း ကျောင်းတက်ပညာသင်သည့်အလုပ်ကို အားလုံးမဖြစ်မနေ လုပ်ကိုင်ကြရသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ပညာသင်ကြားရေးအလုပ်ကို ကြိုးစားလုပ်ကိုင်ကြရသည်။ နိုင်ငံတိုင်းနိုင်ငံတိုင်းကလည်း ပညာရေးကို မြှင့်တင်အားပေးနေကြသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများသည်လည်း ပညာဖြင့် မိမိတို့နိုင်ငံကို မိမိတို့တည် ဆောက်နေကြသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသည်သာ အခရာဖြစ်သည်။ မိမိဘဝ တိုးတက်မြင့်မားရေး၊ ကောင်းမွန်ရေးတွင်လည်း ပညာသည်သာ အခရာဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံအား ပို၍တိုးတက်လာအောင် ပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပညာသည် လူတိုင်းအတွက် မိတ်ဆွေကောင်းဖြစ်သည်။ လူတိုင်းတွင် အကျိုးအပြစ်ကို ခွဲခြားနိုင်စွမ်းရှိရန်အတွက် ပညာရှိမှသာဖြစ်မည်။ သို့မှသာ အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို ပိုင်းခြားဆင်ခြင် သိမြင်နိုင်မည်လည်းဖြစ်သည်။ လောကနီတိတွင် "ဤလောကဌ် အတတ်ပညာသည် အဆွေခင်ပွန်းဖြစ်၏ တမလွန်၌ ချမ်းသာကို ဆောင်တတ်၏"ဟု ဆိုထားသည်။ ပညာသည် လူတိုင်းအတွက် မွေးလာသည်မှ သေသည်အထိ စစ်မှန်သော မဖောက်ပြန်သော အဆွေခင်ပွန်းလည်းဖြစ်သည်။ လူသားတိုင်း၏ အတွေးအခေါ် အပြုအမူ၊ အဆင့်အတန်းကို ပညာကသာ ပြုပြင်မြှင့်တင်ပေးပါသည်။ ဘဝတွင် အခက်အခဲအကြပ်အတည်း တစ်စုံတစ်ရာ ကြုံတွေ့ရပါကလည်း ပညာဖြင့်သာ ဆင်ခြင်ဖြေရှင်းရမည်ဖြစ်သည်။ ထို့ကြောင့် ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ရှာဖွေဆည်းပူးရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပညာသည် ပင်လယ်သမုဒ္ဒရာပမာ အတိုင်းအဆ အကန့်အသတ်မရှိ ကျယ်ဝန်းနက်နဲလှပါသည်။ ယနေ့ကမ္ဘာပေါ်တွင် သိမှတ်စရာ အတတ်ပညာများ တိုးတက်လျက်ရှိသည်။ ထို့ကြောင့် ပညာကို မနေမနား ကြိုးစားရှာဖွေနိုင်မှသာ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ တရုတ်အတွေးအခေါ် ပညာရှင် ကွန်ဖြူးရှပ်၏ အဆိုအမိန့်မှာလည်း မှတ်သားဖွယ်ဖြစ်သည်။ "လူတိုင်းသည် မွေးကတည်းက ပညာရှင်အဖြစ်မွေးလာသူမဟုတ်ပါ။ ပညာကို သိလိုဇောဖြင့် မနေမနား ကြိုးစား၍သာ အားထုတ်ခဲ့ရပါသည်"ဟူ၍ ဆိုထားသည်။ ပညာဆည်းပူးရာတွင် လိုချင်စိတ်၊တတ်ချင်စိတ်၊ သိချင်စိတ်သာလျှင် အဓိကဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မန်းအောင်ဆွေလင်းဘော်လီဘောကလပ်ကွင်း ဖွင့်ပွဲအမှတ်တရ အဆင့်မြင့်အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးမြို့နေ ဦးဇော်ဦး + ဒေါ်ရီရီမြိုမိသားစု ကောင်းမှုဖြင့် လှူဒါန်းသော အောင်ပြည့်ဝစေတီနှင့်၊ အောင်သုခစေတီတော်စိန်ဖူးတော်နှင့် ရွှေထီးတော်တင်အလှူတော်မင်္ဂလာ အောင်ပွဲအထိမ်းအမှတ် မန်းအောင်ဆွေလင်းကလပ်ဘော်လီဘောကွင်းဖွင့်ပွဲ အမှတ်တရ အဆင့်မြင့်အမျိုးသား အလွတ်တန်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကိုအောက်တိုဘာ ၈ ရက်တွင် မန္တလေးမြို့အောင်မြေသာစံမြို့နယ် ၈၇လမ်းနှင့် ၈၈ လမ်းကြား၊ ၁၄လမ်းရှိ အောင်သမာဓိအလုပ်ရုံ အဆိုပါဘော်လီဘောကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်းယနေ့ နေ့လယ်ပိုင်းက ကျင်းပပြုလုပ်သော ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးဘော်လီဘောအသင်းဆင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (မြန်မာ့လက်ရွေးစင်ဟောင်း) အတွင်းရေးမှူးဦးမြင့်ဆွေ၊ ဘဏ္ဍာရေးမှူးဦးဇော်ဦးနှင့် ကော်မတီဝင်တို့က အဆင့်မြင့်အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲသတ်မှတ်စည်းကမ်းများအတိုင်း ယှဉ်ပြိုင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ပြိုင်ပွဲတွင် ပထမဆုရအသင်းအားဆုငွေကျပ် သိန်း၁၀၀၊ ဒုတိယဆုရ အသင်းအားဆုငွေကျပ်သိန်း၅၀နှင့် တတိယဆုရအသင်းအား ဆုငွေကျပ်သိန်း ၃၀၊ အကောင်းဆုံးဆုရ အားကစားသမားတို့ကိုထူးချွန်ဆုနှင့် ငွေသားကျပ် တစ်သိန်းစီထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် ဒုတိယဥက္ကဋ္ဌဦးထွန်းလင်း ဖုန်း ၀၉-၂၀၁၈၈၃၈ နှင့် အတွင်းရေးမှူးဦးမြင့်ဆွေ ဖုန်း ၀၉-၂၀၃၉၂၇၁ တို့ထံ ဆက်သွယ်စုံစမ်းစာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**တင်မောင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၂၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက် ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ ကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှောရုံ၊ အ.ထ.က (၁)အနောက်ဘက်တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း ၆၀၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၅)ရပ်ကွက်၊ အကွက်(ဃ-၅)၊ ၆၉လမ်းနှင့် ၁၁၁လမ်းထောင့်တို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်းနှင့် ၄၃လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားတို့တွင် လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်ရွာလယ်လမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတွင်လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (ဖဖ-၁)၅၄လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ❂ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

☆ **ရှေ့ဖုံးမှ**

ထို့နောက် သမ္မတနန်းတော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြရာ အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. KOSHERBAYEV Yermek Bedelbayevich နှင့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင်များအား ကာဇက်စတန်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်သည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံး လာရောက်သည့် မြန်မာနိုင်ငံမှ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံ သမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပထဝီဝင် အနေအထားအရ အချက်အချာကျသည့် နေရာတွင်တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ တောင်ဘက်တွင်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့ ကာဇက်စတန် နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ကြည့်မည်ဆိုပါက logistic ပိုင်းဆိုင်ရာလုပ်ငန်းများကို အကောင်းဆုံးဖြတ်သန်းဆောင်ရွက်နိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှ နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိစဉ် အဆွေတော်တို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သာယာလှပမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားသည်။

### ဆွေးနွေး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံသမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့တက်ရောက်၍ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

### လက်ဆောင်ပစ္စည်းများပေးအပ်

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်မှ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်နိုင်ငံသမ္မတက မော်တော်ယာဉ်နားအရောက် လိုက်ပါပို့ဆောင်ခဲ့ပြီး ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၇

ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ အမှတ်(၂) ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကာဇက်စတန်သမ္မတနိုင်ငံအက်စတာနာလေဆိပ်သို့ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်၌ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်သို့ရောက်ရှိကြရာ ကာဇက်စတန် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Margulan Baimukhan နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကာဇက်စတန်သမ္မတနိုင်ငံဂုဏ်ပြု တပ်ဖွဲ့ကလည်း နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Moscow Engineering Physics Institute (MEPhI)မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် Moscow Engineering Physics Institute (MEPhI) ၌ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လာရောက်ပညာသင်ယူလျက်ရှိသော ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ကမ္ဘာ့အဏုမြူသီတင်းပတ် ဖိုရမ်-၂၀၂၅ သို့တက်ရောက်ပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကျောင်းသား ကျောင်းသူများပါဝင်သည့် Hackathon ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်



လျက်ရှိသော ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ အားပေးစကားပြောကြားကာ ညပိုင်းတွင် ROSATOM ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန် မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၁ ရက်

သာ လိုတော့သည်။

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် WWW.UEC.GOV.MM တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့် ပြုသွားမည်ဖြစ်ကြောင်း။

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွား အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုအားပေးစဉ်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ် စတင်အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ကာ ၁၉၈၀ ပြည့်နှစ်မှစတင်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့သည့်အတွက် ယခုနှစ်သည် ၄၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခု ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်မှာ "ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"၊ "Tourism and Sustainable Transformation" ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ကမ္ဘာကြီးကို တည်ဆောက်ရန် တိုးတက်ပြောင်းလဲခြင်းများကို ဖော်ဆောင်ပေးနိုင်သည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုများ၊ မဟာဗျူဟာမြောက်အစီအစဉ်များ၊ စေ့စပ်သေချာသည့် စောင့်ကြည့်ထိန်းကွပ်မှုများနှင့် တိကျရှင်းလင်းသည့် ဦးစားပေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် စီးပွားရေးကဏ္ဍတစ်ခုမျှသာမကဘဲ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းသစ်များကိုပါ ဖန်တီးပေးလျက်ရှိရာ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးဆက်များရရှိအောင် ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာ အဆင့်အတန်းမီသည့် ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်လည်း လိုအပ်ကြောင်း။

ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ၊ တီထွင်ဆန်းသစ်မှုများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များပေါ်ထွက်လာစေရန်အတွက်လည်း အခွင့်အလမ်းများစွာ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အစိတ်အပိုင်းများဖြစ်သည့်အတွက် ခရီးသွားများစိတ်ဝင်စားသည့် ထုတ်ကုန်များကို ချဲ့ထွင်၍ ရင်းနှီးမြှုပ်နှံကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စရပ်များတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပသည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်ဆောင်ရွက်ခြင်းများအပြင် ဒစ်ဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ခရီးသွားအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိသည့်အပြင် ရှိရင်းစွဲ ခရီးသွားအရင်းအမြစ်များကို စနစ်တကျရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် ခရီးစဉ်အသစ်များ ဖော်ထုတ်နိုင်ရန်လည်းအရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများကိုလည်း လိုက်ပါဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများတွင် Green Energy အသုံးပြုမှုကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်သကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖော်ဆောင်နိုင်ခြင်းကြောင့် ရှင်းလင်းတိကျသည့်ဦးစားပေးအစီအစဉ်များ ချမှတ်ပြီး နိုင်ငံတော်နှင့်ပြည်သူများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်ကို တည်ဆောက်နိုင်ရန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် UN Tourism အထွေထွေ အတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili ၏ သတင်းစကားရုပ်သံ video clip နှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်း အမျိုးအစားများအကြောင်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝန်ဆောင်မှုစွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာတမ်းဖတ်ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်ခရီးသွားလုပ်ငန်း အမျိုးအစားများအလိုက် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုးရာသီခေတ်စာ ကြက်မောက်သီးစားပါ

**ကြက်မောက်သီးပင်**

Rambutan ဟု အမည်ရသော ကြက်မောက်သီးပင်တို့သည် Sapindaceae မျိုးနွယ်ဝင်ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Nephelium Lappaceum ဖြစ်ပြီး အပူပိုင်းဒေသတွင် ကောင်းစွာ ဖြစ်ထွန်းကြသည်။ စိုစွတ်သောရာသီဥတုကို ကြိုက်နှစ်သက်သည်။ အပင်မြင့်အမျိုးအစား မဟုတ်သော်လည်း အကိုင်းအခက်များဖြင့် ဘေးသို့ ဖြာထွက်ကာ အသီးထွက်ရှိနှုန်း အားကောင်းသည်။ အပင်၏ပုံစံက ခရစ္စမတ်သစ်ပင်နှင့် ဆင်တူသည်။ အရွက်အညှာမှ အပြွတ်လိုက်၊ အခိုင်လိုက် အသီးသီးလေ့ရှိသည်။ အရွက်များက အတော်အတန်ရှည်လျားပြီး ရွက်ညှာများမှာ သုံးရွက်မှ ၁၁ ရွက်ခန့်အထိ ရှိတတ်သည်။ အကိုင်းထိပ်ဖျားတွင် ရနံ့သင်းသော အမွှာစုံ စိမ်းဖန့်ဖန့်ပန်းကလေးများ ဖူးပွင့်ကြသည်။ ကြက်မောက်သီး၏ ပုံသဏ္ဌာန်မှာ အတန်ငယ်လုံးဝန်းသော ကြက်ဥပုံဖြစ်သည်။ ယေဘုယျအားဖြင့် အမွေးရှည်လေးများဖြင့် ဖုံးအုပ်ထားသော ကြက်မောက်သီးအခွံသည် အနီရောင်ရှိပြီး တစ်ခါတစ်ရံတွင် ဝါလိမ္မော်သမ်းနေသော အနီရောင်အခွံတို့ကို တွေ့ရတတ်သည်။

အသီးရင့်မှည့်သွားပါက နီညိုရောင်သို့ ပြောင်းသွားသည်။ အတွင်းထဲရှိ အသီးအနှစ်က အဝါရောင်သမ်းသော အဖြူရောင်ဖြစ်ကာ ချိုမြမြ အရသာရှိသည်။ ထိုအသီးအနှစ်၏အောက်တွင် အညိုနုရောင်သမ်းသော အတန်ငယ်ကြွပ်ဆတ်သည့် အစေ့တစ်လုံး ပါရှိသည်။ အစေ့သည် ခါးသက်သက်အရသာရှိပြီး ဆေးဖက်ဝင်သည်။ အခွံစိမ်းသော ကြက်မောက်သီးတို့သည် အတန်ငယ် ချဉ်သည်။ အသီးနုသောအခါမှာ အသားနှင့်အစေ့တို့သည် ကပ်နေကြပြီး အသီးရင့်မှည့်သောအခါတွင် အစေ့ဖယ်စားရန် လွယ်ကူသည်။ မြန်မာပြည်တွင် ကြက်မောက်သီးကို သရေစာအသီးအဖြစ်သာ အစားများလေ့ရှိသည်။ ကြက်မောက်သီးယို၊ သီးစုံဒိုမီနို၊ သံဘူး စသည်ဖြင့်လည်း စားသုံးနိုင်သည်။

ကြက်မောက်သီးအစေ့မှ ဖယောင်းတိုင်နှင့် ဆပ်ပြာတို့ကို ထုတ်လုပ်ကြသည်။ ပိုးထည်အစများကို အစိမ်းရောင်ဆိုးရန်အတွက် ကြက်မောက်သီးပင်၏ အမြစ်ကို အသုံးပြုနိုင်သည်။ အသီးခွံကို ပိုးထည်များတွင် အနက်ရောင်ဆေးဆိုးရန် အသုံးပြုကြသည်။ ကြက်မောက်ပင်၏ပင်စည်ကို အိမ်ဆောက်လုပ်ရာတွင် အသုံးပြုနိုင်သည်။ ထို့ကြောင့် အသီးသာမက အပင်တစ်ပင်လုံး အသုံးဝင်သည်။

**မတူကွဲပြား ကြက်မောက်သီးအမည်များ**

အထူးသဖြင့် ကမ္ဘာပေါ်တွင် မလေးရှားနှင့် အင်ဒိုနီးရှားတို့မှာ ကြက်မောက်သီးထွက်ရှိမှု အားကောင်းပြီး ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တောင်အာရှနိုင်ငံများနှင့် ဘိုနီယို၊ အာဖရိက၊ အီကွေဒေါ၊ ဩစတြေးလျ၊ အမေရိကအလယ်ပိုင်းနှင့် ကာရေဘီယံကျွန်းဆွယ်တို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြသည်။ ကြက်မောက်သီးကို သူ့နေရာဒေသအလိုက် အမည်နာမခေါ်ဆိုပုံခြင်း မတူညီကြပါ။ အင်္ဂလိပ်အမည်အားဖြင့် RAMBUTAN ဟုခေါ်သော ကြက်မောက်သီးမှာ အမှန်စင်စစ် မလေးရှားဘာသာစကားမှ ဆင်းသက်လာခြင်း ဖြစ်သည်။ မလေးရှားတွင် ကြက်မောက်သီးကို အမွေးထူသော အသီး (Rambutan) ဟု ခေါ်ကြခြင်း ဖြစ်သည်။ ပနားမား၊ ကော်စတာရီကာနှင့် နီကာရာဂွါးနိုင်ငံများတွင် "Mamon Chino" ဟူ၍လည်းကောင်း၊ ထိုင်းနိုင်ငံတွင် "Ngoh" ဟူ၍လည်းကောင်း၊ ပြင်သစ်နိုင်ငံတွင် "Ramboutan (or) Ramboutanier" ဟူ၍လည်းကောင်း၊ အိန္ဒိယတွင် "Ramboostan" ဟူ၍လည်းကောင်း၊ တရုတ်တွင် "Shao Tzu" ဟူ၍လည်းကောင်း၊ ဗီယက်နမ်တွင် "Chom Chom" သို့မဟုတ် Vai ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြသည်။

**မြန်မာ့ကြက်မောက်သီး**

မြန်မာပြည်၏ ရေမြေရာသီဥတုပေါ်မူတည်၍ ကြက်မောက်ပင်သည် စိုက်ပျိုးပြီးနောက် ခြောက်နှစ်ခန့်အကြာတွင် စတင်အသီးသီးပြီး နှစ်ပေါင်း ၅၀ အထိ သက်တမ်းရှည်ကာ တစ်နှစ်ထက်တစ်နှစ် ပို၍ သီးလေ့ရှိသည်။ အများအားဖြင့် အသီးထွက်ရှိချိန်မှာ မေလနှင့် ဇွန်လတို့ ဖြစ်သည်။ ထို့ပြင် ကြက်မောက်သီးမျိုးများကို အသားနှင့် အစေ့ကိုခွာ၍ ရနိုင်မှုပေါ်မူတည်ပြီး အကြမ်းအားဖြင့် အစေ့ကျွတ်ကပ်နှင့် အစေ့မကပ်မျိုးဟူ၍ ခွဲခြားကာ ကန်ကလေး(၁)၊ ကန်ကလေး(၂) မျိုးများသည် စိုက်ပျိုးရန်သင့်လျော်သော မျိုးများဖြစ်သည်။ ပြည်တွင်း၌ ကြက်မောက်သီးကို တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ အဓိကစိုက်ပျိုးကြသည်။ အစေ့လွတ်ကြက်မောက်သီးများသည် ယိုးဒယားကြက်မောက်သီးကဲ့သို့ အချိုစူးရှသည်။

**ကြက်မောက်သီးနှင့် ကျန်းမာရေး**

ကြက်မောက်သီးပင်မှ လူသားတို့အတွက် အာဟာရ ပြုပေးနိုင်ပုံကို Institute of Medicine က ယခုလို အကြံပြုထားသည်။ ကြက်မောက်သီးသာမက အရွက်၊ အသီးခွံ၊ အစေ့၊ ပင်စည်နှင့် အမြစ်တို့လည်း ဆေးဖက်ဝင်ကြသည်။ ပင်စည်ထဲတွင် Saponin, Tannin, Iron, Pectin နှင့် Flavonoids တို့ပါရှိကြပြီး အစေ့ထဲတွင် Polifenol နှင့် Fat တို့ ပါရှိသည်။ ၁၀၀ ဂရမ်ရှိသော ကြက်မောက်သီး တစ်ခွက်စာပမာဏတွင် လူသားတို့ကျန်းမာရေးအတွက် ခွန်အားဖြစ်စေသော ပရိုတင်း ၁ ဒသမ ၀ ဂရမ်၊ ကစီဓာတ် ၃၁ ဒသမ ၃ ဂရမ်၊ အမျှင်ဓာတ် ၁ ဒသမ ၄ ဂရမ်၊ သီအာမင် ၀ ဒသမ ၀၁ ဂရမ်၊ ဗီတာမင်စီ ၇ ဒသမ ၄ မီလီဂရမ်၊ ဆိုဒီယမ် ၁၆ ဒသမ ၅ ဂရမ်၊ ပိုတက်စီယမ် ၆၃ ဂရမ်၊ ကယ်လ်စီယမ် ၃၃ မီလီဂရမ်၊ ဗီတာမင်အေ ၄ ဒသမ ၅ IU နှင့် သံဓာတ် ၀ ဒသမ ၅ မီလီဂရမ်တို့ ပါရှိသည်။ ပြည့်ဝဆီနှင့် ကိုလက်စထရော လုံးဝမပါရှိကြပေ။ ကြက်မောက်သီးတွင် သကြားဓာတ် အထူးသဖြင့် ဖရက်တို့စ်နှင့် စူးခရို့စ်တို့ များစွာပါဝင်ပြီး ကယ်လိုရီပါဝင်မှု နည်းသည်။ ထို့ကြောင့် ယခုလို အာဟာရတန်ဖိုး များစွာပါဝင်သည့် ကြက်မောက်သီးကို စားပေးခြင်းဖြင့် အောက်ပါကျန်းမာရေးစွမ်းပကားများကို ရရှိစေနိုင်မည် ဖြစ်သည်။

* ကြက်မောက်သီးကို မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ရိုးရာဆေးစွမ်းတစ်လက်အဖြစ် ရှေးနှစ် ရာပေါင်းများစွာကပင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် တခြားနာမကျန်းဖြစ်မှုများစွာကို ကုသရာတွင် အသုံးပြုခဲ့ကြသည်။

* ကြက်မောက်သီးတွင် ဗီတာမင်စီနှင့် ဘီတာကယ်ရိုတင်းတို့အပြင် ဖလေဗိုနွိုက်(ခေါ်)အပင်မှထွက်ရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပေါများစွာပါရှိကြောင်း၊ ထိုဖလေဗိုနွိုက်သည် သွေးအတွင်း မကောင်းသော ကိုလက်စထရောများကို လျော့ကျစေခြင်း၊ ကင်ဆာရောဂါများကို ဆန့်ကျင်တိုက်ထုတ်ပေးခြင်း၊ ရောင်ရမ်းမှုတို့ကို လျော့ကျစေခြင်း စသည်ဖြင့် ဆေးစွမ်းထက်မြက်ကြောင်း ထိုင်းနိုင်ငံရှိ Chiang Mai University မှ စမ်းသပ်ဖော်ထုတ်ခဲ့သည်။ ထိုအစွမ်းတို့ကြောင့် ယခုအခါ ကြက်မောက်သီး Extract ကို ဆေးဝါးထုတ်လုပ်လျက်ရှိသည်။

* ကြက်မောက်သီးအခွံထဲတွင် Gallic အက်စစ်တစ်မျိုးပါဝင်ပြီး ထိုအက်စစ်က ခန္ဓာကိုယ်ထဲတွင် ဖရီးရယ်ဒီကယ်လ်များကြောင့် ထိခိုက်မှုတွေမဖြစ်လာအောင် ကာကွယ်ပေးသည်။

* ကြက်မောက်သီးထဲတွင် ဗီတာမင်စီ များစွာပါဝင်သည်။ ကြက်မောက်သီး ၁၂ လုံးထဲတွင် အက်စ်ကောဘစ်အက်စစ် (Ascorbic Acid) ၇၅ မီလီဂရမ်မှ ၉၀ မီလီဂရမ် ပါဝင်ပြီး လူတစ်ယောက်၏ တစ်နေ့တာလိုအပ်သော ဗီတာမင်စီထက် နှစ်ဆကျော်ရှိသည်။ ဗီတာမင်စီသည် ခန္ဓာကိုယ်ဆဲလ်များကို ဖရီးရယ်ဒီကယ်ကြောင့် ထိခိုက်မှုကာကွယ်ပေးနိုင်ပြီး သံဓာတ်စုပ်ယူနိုင်အောင်လည်း ကူညီပေးသည်။

* ကြက်မောက်သီးထဲတွင် သွေးနီဥနှင့် သွေးဖြူဥများ ပြုလုပ်ရာတွင် လိုအပ်သော ကြေးနီဓာတ် အသင့်အတင့် ပါရှိသည်။

* သွေးတိုးရောဂါ ဝေဒနာသည်များသည် တစ်နေ့လျှင် ကြက်မောက်သီး ရှစ်လုံးမှ ၁၀ လုံးခန့် စားပေးသင့်သည်။ အစေ့ထဲတွင် Hypoglycemia ဓာတ်ပါရှိခြင်းကြောင့် သွေးထဲရှိသကြားပမာဏကို ကျဆင်းစေသည်။

* ကြက်မောက်သီးက လူတစ်ဦးလျှင် တစ်နေ့တာ လိုအပ်သော သံဓာတ်ပမာဏ၏ ၁၃ ဒသမ ၈ ရာခိုင်နှုန်းကျော်ကို ထောက်ပံ့ပေးနိုင်သည်။ ထို့ကြောင့် သံဓာတ်အရင်းအမြစ်တို့စုဝေးရာ ကြက်မောက်သီးကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အောက်ဆီဂျင်ပမာဏကို ဖြည့်စွက်ပေးနိုင်ပြီး မူးဝေခြင်း၊ နုံးချည့်ပင်ပန်းခြင်း၊ ဖျော့တော့နွမ်းနယ်ခြင်း စသည့် သံဓာတ်အားနည်းခြင်းကြောင့် ဖြစ်တတ်သော သွေးအားနည်းရောဂါတို့ကို ကာကွယ်ပေးနိုင်သည်။

* ကြက်မောက်သီး တစ်ခွက်စာပမာဏကို စားသုံးသောအခါ တစ်နေ့တာ လိုအပ်သည့် ဖော့စ်ဖရပ်စ် ၄ ဒသမ ၃ ရာခိုင်နှုန်း ရရှိစေသည့်အတွက် ကျောက်ကပ်ကို ကောင်းစွာ အလုပ်လုပ်နိုင်အောင် ထောက်ပံ့ပေးသည်။ ကျောက်ကပ်ကို သန့်စင်စေသည်။

* ကယ်လ်စီယမ်ဓာတ် ပါရှိခြင်းကြောင့် သွားနှင့် အရိုးများကို ခိုင်ခံ့စေသည်။

* ကြက်မောက်သီးကို စားပေးခြင်းဖြင့် အူလမ်းကြောင်းရှိ ကပ်ပါးကောင်များကို သေစေနိုင်သည့်အပြင် ဝမ်းလျှော၊ ဝမ်းပျက်ခြင်း ဝေဒနာတို့ကိုလည်း သက်သာစေကြောင်း Online Culinary School Website မှ အကြံပြု ထောက်ခံထားသည်။

* ကြက်မောက်သီးအစေ့ကို သူ့ချည်းပဲ အစိမ်းလိုက်ဝါးစားနိုင်သလို ကြိတ်ချေပြီး အခြားသော အစားအစာတို့နှင့် တွဲဖက်စားပေးခြင်းဖြင့် ခန္ဓာကိုယ်အဆီများကို ထိထိရောက်ရောက် ချပေးနိုင်သည်။ ထို့ပြင် အသားအရေကို ကျန်းမာစေပြီး အထူးသဖြင့် မျက်နှာအသားအရေကို နူးညံ့ချောမွေ့စေသည်။ (သို့သော် လူအချို့က ကြက်မောက်သီးအစေ့နှင့် မွေးရာပါ ဓာတ်မတည့်မှုများ ရှိတတ်သဖြင့် သတိပြုစားသုံးသင့်ပါသည်။)

* ကြက်မောက်ပင်၏ အရွက်ကိုထောင်းထု၍ အနာအုံဆေးအဖြစ် လည်းကောင်း၊ အသားအရေ ခြောက်သွေ့ခြင်းအတွက် Lotion အဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ခေါင်းကိုက်သောအခါ ကြက်မောက်ပင်၏အရွက်ကို နားထင်ပတ်လည်တွင် ထောင်းအုံပေးခြင်းဖြင့် ဝေဒနာများ သက်သာလာစေနိုင်သည်။ ထို့ပြင် ကြက်မောက်ပင်၏အရွက်ကို သန့်စင်အောင်ဆေးကြောပြီး ရေအနည်းငယ်ထည့်၍ ကြိတ်ချေပါ။ ထိုအနှစ်ကို အဝတ်သန့်သန့်ဖြင့်ထုပ်ကာ ညှစ်ပြီးရလာသည့် အရွက်သတ္တုရည်ကို ဦးရေပြားအနှံ့ မှန်မှန်လိမ်းပေးခြင်းဖြင့် ဆံပင်သားများ သန်စွမ်းနက်မှောင်လာစေနိုင်သည်။ ဆံပင်ဆိုးဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။

* ကြက်မောက်သီးအခွံကို ခပ်ပါးပါးလှီးပြီး ရေနှင့် သုံးခွက်တစ်ခွက်တင်ကျို၍ အအေးခံကာ တစ်နေ့နှစ်ကြိမ် သောက်သုံးပေးခြင်းဖြင့် ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေနိုင်သည်။

* ကြက်မောက်သီးအစေ့ ငါးလုံးကိုလှော်၍ ကြိတ်ချေပါ။ ထို့နောက် ရေအေးအေးတစ်ခွက်ဖြင့် ထိုနည်းအတိုင်း တစ်နေ့နှစ်ကြိမ် သောက်သုံးပေးပါက ဆီးချိုရောဂါ သက်သာလာစေနိုင်သည်။

* ကြက်မောက်သီးအခွံခြောက် ၁၅ ဂရမ်ခန့်ကို ရေ သုံးခွက်စာ ပမာဏဖြင့်ရော၍ အချိန် ၁၅ မိနစ်ခန့် ဆူအောင်တည်ပါ။ အအေးခံပြီးနောက် ထိုပြုတ်ရေကို တစ်နေ့ သုံးကြိမ် သောက်ပေးခြင်းဖြင့် ဖျားနာရောဂါများကို ယူပစ်သလို ပျောက်ကင်းစေနိုင်သည်။

* ကြက်မောက်သီး ငါးလုံးစာပမာဏထဲတွင် လူတစ်ယောက်၏ တစ်နေ့တာ လိုအပ်လျက်ရှိသော ဗီတာမင်စီကို အပြည့်အဝရရှိနိုင်သည်။

ကြက်မောက် ပင်စည်သားကိုပြုတ်၍ မုက္ခရုနာများကို လိမ်းကျံပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေပါသည်။

* ကြက်မောက်ပင်၏ အမြစ်ကိုပြုတ်၍ သန်ချဆေးအဖြစ် သောက်သုံးနိုင်သည်။

* မလေးရှားနိုင်ငံ၏ ပရဆေးဆိုင်များတွင် ကြက်မောက်သီး အခွံခြောက်များကို ဖျားနာဝေဒနာအမျိုးမျိုး ကုသရန်အတွက် ဖောဖောသီသီ ရောင်းချလျက်ရှိကြသည်။

**မှတ်ချက်။**

(က) ကြက်မောက်သီးကို ကိုင်ကြည့်သည့်အခါ မပျော့ဘဲ တင်းနေသောအသီးကိုသာ ရွေးချယ်ဝယ်ယူပါ။ (ခ) လတ်လတ်ဆတ်ဆတ် စားသုံးနိုင်ရန်အတွက် အသီးအခွံပေါ်ရှိ အမွေးဆူးလေးများ အတန်ငယ်မာသည်ကို ရွေးဝယ်ပါ။ (ဂ) ကွဲအက်နေသော အသီးတို့ကို ရှောင်ကြဉ်ပါ။ (ဃ) ရေခဲသေတ္တာထဲတွင် ရက်သတ္တပတ်ခန့် ခံစေရန်အတွက် ကြက်မောက်သီးကို ပလတ်စတစ်အိတ်ဖြင့် လုံခြုံစွာ သိမ်းဆည်းပါ။ (အသီးကိုအခွံခွာပြီး ဖန်ဘူးထဲထည့်သိမ်းခြင်းကလည်း တာရှည်အထားခံပါသည်။)

အချုပ်အားဖြင့်ဆိုသော် ကြက်မောက်သီးစားခြင်းဖြင့် ဘေးထွက်ဆိုးကျိုး မရှိနိုင်ပေ။ ရာသီစာသီးနှံဖြစ်၍ ယခုလို မိုးဥတုကာလတွင်သာ ရရှိနိုင်သည့် ဆေးဖက်ဝင် ကြက်မောက်သီးများကို ကျန်းမာလိုသူတိုင်း ဝယ်ယူစားသုံးကြစေလိုပါသည်။

**စေတနာများစွာ . . .**

**တင်ထက်ထက်ဇော်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tian Xuning ၏ လည်ဆွဲဒီဇိုင်းကို ပရိသတ်စိတ်ဝင်စား



တရုတ်ဇာတ်လမ်းတွဲ Revenged Love နှင့် ပရိသတ် အားပေးမှု ရရှိထားသည့် မင်းသား တီအန်ရှုနင်း၏ တရုတ်ချစ်သူများနေ့တွင် ဆွဲထားသည့် လည်ဆွဲဒီဇိုင်းကို ပရိသတ် စိတ်ဝင်စားနေကြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် တီအန်ရှုနင်းနှင့်အတူ Ziyu လည်း ပါဝင်ထားကာ နှစ်ဦးသား ဇာတ်ကောင်များ၏ကိုယ်စားပြု အရောင်များကို ဒါရိုက်တာက တင်ပေးထားရာ အဝါရောင်နှင့် အနီရောင်ဖြစ်ပြီး ဒီဇိုင်နာနှင့်အတူ တီအန်ရှုနင်းကို အဝါရောင် တီရှပ်ဖြင့် တွေ့ရသည်။

ယင်းလည်ဆွဲဒီဇိုင်းမှာ ကမ္ဘာပေါ်တွင် တစ်ခုတည်းသာရှိပြီး ခရမ်းရောင် ကျောက်စိမ်းနှင့် နေလုံးပုံစံ တောက်ပသည့် အဝါရောင်ဟု တင်စားထားခြင်းဖြစ်ကြောင်း လည်ဆွဲဒီဇိုင်နာက ပြောကြားထားသည်။

တီအန်ရှုနင်းနှင့် Ziyu တို့သည် ရင်းနှီးခင်မင်မှုရှိခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ခရီးအတူသွား၍ အနားယူခဲ့ကြရာမှ ပရိသတ်များကြား ရေပန်းစားနေသည့် အတွဲဖြစ်သည်။ (SKY)



## အအေးပလာစမာက အကျိတ်များထဲသို့ ထိုးဖောက်ဝင်ရောက်ကာ ကင်ဆာတိုက်ဖျက်ရန် မော်လီကျူးများကို အမိကတွန်းအားပေး

အအေးပလာစမာသည် အကျိတ်များ၏အတွင်းပိုင်းအထိ ထိုးဖောက်ဝင်ရောက်ပြီး ကင်ဆာဆဲလ်များကို တိုက်ခိုက်ရန် မော်လီကျူးများကို အမိကတွန်းအားပေးကြောင်း မကြာသေးမီက ဆေးသိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့သည်။

ဂျာမနီအခြေစိုက် လိုက်ဘ်နစ်ဇ်ပလာစမာသိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဂရိုက်စ်ဝါးလ်တက္ကသိုလ်ဆေးရုံ၊ ရော့စတော့ဆေးတက္ကသိုလ်တို့မှ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ရာ အအေးပလာစမာက တစ်သျှူးများ၏ အလွှာများ အတွင်းပိုင်း၌ပင် ကင်ဆာဆဲလ်များကို အောင်မြင်စွာ ဖျက်ဆီးနိုင်ကြောင်း ပြသနိုင်ခဲ့သည်။

၎င်းတို့ ပူပေါင်းဆောင်ရွက်ရာမှ ထွက်ပေါ်လာသော အဓိကအောင်မြင်မှုမှာ နည်းပညာသစ် တစ်သျှူးပုံစံများကို တီထွင်နိုင်ခဲ့ခြင်းဖြစ်ပြီး ပလာစမာ၏ အစိတ်အပိုင်းများက ကင်ဆာဆဲလ်များကို မည်သို့အကျိုးသက်ရောက်စေသည်ကို အသေးစိတ်လေ့လာနိုင်ရန် ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုပေးခဲ့သည်။

ပလာစမာဆိုသည်မှာ ဓာတ်ပြုမှုအားကောင်းသော မော်လီကျူး များစွာကို ထုတ်လုပ်ပေးသော အိုင်အိုနီက ဓာတ်ငွေ့တစ်မျိုးဖြစ်ကြောင်း သိရသည်။ (SCI)

## Song Da Eun ကို ပရိသတ်များစွာက ဝေဖန်ရှုတ်ချ

ကိုရီးယားအနုပညာရှင် မင်းသမီး ဆောင်ဒါအွန်းသည် BTS မှ Jimin နှင့် ချစ်သူများဟုဆိုကာ တစ်တော့ပ်ဗီဒီယိုတင်ခဲ့ရာမှ ကမ္ဘာအနှံ့ပရိသတ်များကြား အငြင်းပွားစရာဖြစ်ခဲ့ပြီးနောက် ပရိသတ်များစွာ၏ ဝေဖန်ရှုတ်ချမှုကို ခံခဲ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါကောလာဟလနှင့် ပတ်သက်၍ Jimin ၏ အေဂျင်စီ ဘစ်ဟစ်မြူးဇစ်က ထုတ်ပြန်ကြေညာထားခြင်းမရှိသကဲ့သို့ ဂျီမင်ကိုယ်တိုင် တရားဝင်ပြောဆိုခြင်း မရှိခဲ့ချေ။ ဆောင်ဒါအွန်းမှာ နာမည်ကြီး အနုပညာရှင်များနှင့် ကောလာဟလ ထွက်ရှိထားရာ ၂၀၁၉ ခုနှစ်တွင် ဘစ်ဘန်းမှ ဂျီဒရယ်ဂွန်၊ အိပ်ဖိုမှ ချန်ယိုတို့နှင့် ပုံစံတူ Jimin ကို အသုံးချကာ အာရုံစိုက်မှု ရယူခဲ့ခြင်းဖြစ်သည်။

ကိုရီးယားမီဒီယာမှ အငြင်းပွားဖွယ် ရုပ်ပုံ၏ အပျက်သဘောဆောင်သည့် အမုန်းပွားခြင်းများကို ဖော်ထုတ်ပေးခဲ့ရာမှ မိမိကိုယ်ကို ထုတ်ဖော်ပြသခြင်းသည် ကိုယ်တိုင် ဖျက်ဆီးခြင်း ဖြစ်သွားခဲ့ပြီး ပရိသတ်၏ ပြစ်တင်ဝေဖန်မှုများစွာ ခံခဲ့ရသည်။ (SKY)



## တစ်ကိုယ်တော်ဂီတနှင့် Artist of the Year ဆုကို ဂျက်စတင်ဘီဘာ ရရှိ

အနောက်တိုင်းဂီတ အနုပညာရှင်များတွင် တစ်ကိုယ်တော်ဂီတနှင့် Artist of the Year ဆုကို ဆွတ်ခူးထားကြသူများတွင် လေဒီဂါဂါ၊ မိုက်ကယ်ဂျက်ဆင်နှင့် ဂျက်စတင်ဘီဘာတို့ ပါဝင်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုမှာ အရေးပါသော ဆုတစ်ခုဖြစ်ပြီး အဖွဲ့လိုက်ဖြစ်စေ၊ တစ်ကိုယ်တော်ဖြစ်စေ Collaboration နှင့် Featuring မပါဘဲ ရရှိခဲ့သည့် ကေပေါ့ပ်အဖွဲ့မှာ BTS ဖြစ်ပြီး ကေပေါ့ပ်သမိုင်းတွင် ဂုဏ်ယူစရာဖြစ်ခဲ့သည်မှာ မည်သူနှင့်မျှ တွဲဖက်၍မဟုတ်ဘဲ သီးသန့်ရယူထားသည်။

BTS အဖွဲ့ ရယူခဲ့သည့် အမေရိကန်ဂီတဆု၏ Artist of the Year မှာ ပထမဆုံး တစ်ဦးတည်းသော၊ နောက်ထပ်ရှိရန် ခက်ခဲသော စံချိန်ဖြစ်ပြီး တစ်နှစ်အတွင်း Best Pop Song ကိုပါ ရရှိထားသည့်အပြင် VMAs ဆု ၁၀ ဆု ရရှိထားသည်။

ကမ္ဘာကျော်အနုပညာရှင်များဖြစ်ကြသည့် လေဒီဂါဂါ၊ မိုက်ကယ်ဂျက်ဆင်နှင့် ဂျက်စတင်ဘီဘာတို့ ရရှိထားကြကာ ဂျက်စတင်ဘီဘာမှာ ၂၀၂၅ ခုနှစ်အတွက် ဂီတဆုနှစ်ဆုကို ဆွတ်ခူးရရှိခဲ့၍ ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ (SKY)



## Ira Wolf မှာ ခရီးသွား Folk ဂီတသမားဖြစ်

တစ်ကိုယ်တော်ခရီးသွား အမျိုးသမီး အီရာဝုဒ်မှာ ဖော့ခ်ဂီတသမားဖြစ်ပြီး လမ်းပေါ်တွင် လေလွင့်ခရီးသွားရင်း သဘာဝတရားကြီးနှင့် ဂီတကို ဆက်စပ်ရှာဖွေခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဖော့ခ်ဂီတသမား အီရာဝုဒ်မှာ ၂၀၁၄ ခုနှစ်မတိုင်ခင်အထိ အလုပ်အတည်တကျနှင့် Nashvile တွင် အခြေချနေရာမှ အလုပ်က ထွက်ကာ ဗန်ကားတစ်စီး၊ လက်ဆွဲအိတ်တစ်လုံးနှင့် ခြေသလုံးအိမ်တိုင် သီချင်းသည်ဘဝကို စတင်ခဲ့သည်။

သူ၏ ဗန်ကားထဲတွင် အချိန်ပြည့်နေထိုင်ကာ Folk, Americana, Bluegrass သီချင်းများနှင့် ကမ္ဘာပတ်ဖျော်ဖြေမှုကို ယခုတိုင် ပြုလုပ်နေဆဲဖြစ်ပြီး ခရီးသွားရင်း ကြုံရာတွင်အိပ်၍ သီချင်းရေးကာ သဘာဝတရားကြီးဆီမှ Folk ဂီတကို ရှာဖွေတွေ့ရှိထားသည်။

သူ့ဘဝကို ကမ္ဘာကြီး၏ မျက်နှာပြင်ပေါ် ခရီးထွက်ကာ ကိုယ်တိုင်ရှာဖွေရင်း ချစ်သူ Folk ဂီတသမားကလည်း ကူညီပေးခဲ့သည်။ (SKY)

## Ziyu က High-end မဂ္ဂဇင်းရိုက်ကူးမှုတွင် ပါဝင်ခွင့်ရ

မျိုးဆက်သစ်အနုပညာရှင် Ziyu သည် Revenged Love နှင့် အောင်မြင်မှုရရှိခဲ့ကာ ထိပ်တန်းအနုပညာရှင်များသာ ရိုက်ခွင့်ရသည့် Global High-end မဂ္ဂဇင်းတွင် ပါဝင်ခွင့် ရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာ လောကတွင်သာမက နိုင်ငံတကာပရိသတ်အထိပါ အားပေးမှုရရှိထားရာမှ မဂ္ဂဇင်းရိုက်ကူးမှုတွင် ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်၍ ပရိသတ်များဂုဏ်ယူမဆုံးဖြစ်နေကြကာ Ziyu ကို အားပေးကြသည်။

Ziyu သည် အဆိုတော်နှင့် ပွဲဦးထွက်ခဲ့ပြီး ခက်ခဲကြမ်းတမ်းသောဘဝကို ရဲရဲရင်ဆိုင်ဖြတ်ကျော်ခဲ့ကာ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် Revenged Love ကို ရိုက်ကူးခဲ့ကာ ချစ်သူနှင့်လည်း လမ်းခွဲခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် စတင်ထုတ်လွှင့်ခဲ့ရာမှ အောင်မြင်မှုများရရှိခဲ့ပြီး သူ၏ music festival ကို ပေကျင်းတွင် ကျင်းပခဲ့သည်။

ထိပ်တန်းအနုပညာရှင် ရှောင်းကျန့်နှင့်အပြိုင် Ziyu ၏ အားပေးမှုမှာ ထိပ်ဆုံးအဆင့် ဝင်ရောက်လာခဲ့သဖြင့် ပရိသတ်အချို့က Ziyu ၏ အနုပညာကို စောင့်ကြည့်နေကြသည်။

(SKY)



## Chalire Chaplin ချန်ထားရစ်ခဲ့သည့် ဘဝနှင့်ပတ်သက်သော စကားလေးခွန်း

ကမ္ဘာကျော်အနုပညာရှင် ချာလီချက်ပလင်သည် အသက် (၈၈)နှစ်အထိ နေထိုင်သွားကာ ဘဝနှင့်ပတ်သက်၍ စကားလေးခွန်း ချန်ထားရစ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစကားလေးခွန်းတွင် (၁)ကမ္ဘာကြီးထဲ၌ မည်သည့်အရာမှ အစဉ်ထာဝရ မတည်မြဲနိုင်ခြင်း၊ (၂)မိုးရေထဲလမ်းလျှောက်ရသည်ကိုကြိုက်ပြီး လူအများကမျက်ရည်ကို မမြင်နိုင်ခြင်း၊ (၃)ဘဝ၏ တန်ဖိုးအမဲ့ဆုံးနေ့ရက်များမှာ အားရပါးရ မရယ်နိုင်သော နေ့များဖြစ်ခြင်းနှင့် (၄)ကမ္ဘာပေါ်တွင် အကောင်းဆုံးဆရာဝန်ခြောက်ဦးရှိခြင်းတို့ ဖြစ်သည်။



အကောင်းဆုံးဆရာဝန်ခြောက်ဦးမှာ နေရောင်ခြည်၊ အနားယူခြင်း၊ အားကစားလုပ်ခြင်း၊ အစားအသောက်ဆင်ခြင်ခြင်း၊ ကိုယ့်တန်ဖိုးကိုယ်တိုင်သိခြင်းနှင့် သူငယ်ချင်းမိတ်ဆွေများ ဖြစ်ကြသည်။ ယုံကြည်စွာနှင့် ဘဝဆိုသည့် ခရီးအတွက် အကောင်းဆုံး လျှောက်လှမ်းလိုက်ပါ။ မနက်ဖြန်ဆိုသည်မှာ ရှိ၊ မရှိ မည်သူမျှ မသိနိုင်ဟု ပြောသည်။ (SKY)

# ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့်ပတ်သက်ပြီး အမေရိကန်သမ္မတထရမ့် အရိပ်အမြွက်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၇**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးကို ဦးတည်စေမည့် သဘောတူညီချက်ရရှိရန် နီးစပ်နေပြီဟု အမေရိကန်သမ္မတ ထရမ့်က ပြောသည်။ သို့သော်လည်း အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖော်ပြခဲ့ခြင်းမရှိချေ။

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရန်နီးစပ်နေပြီဟု စက်တင်ဘာ ၂၆ ရက်တွင် ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောသည်။

အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိဘဲ ဓားစာခံများပြန်လည်လွှတ်မြောက်မည့်သဘောတူညီချက်၊ စစ်ပွဲကိုအဆုံးသတ်စေမည့်သဘောတူညီချက်ဟု ပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း ထရမ့်သည် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးတွင် အာရပ်နှင့်မူဆလင်နိုင်ငံများမှ အရာရှိများ၊ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ထရမ့်အစိုးရအဖွဲ့သည် အချက် ၁၂ ချက်ပါသည့် အစီအစဉ်ကို အစည်းအဝေးတွင် တင်ပြခဲ့သည်ဟု အရှေ့အလယ်ပိုင်းဒေသ အမေရိကန်အထူးသံတမန် စတိဗ်ဝတ်ကော့က ထုတ်ဖော်ပြောကြားခဲ့သည်။ အဓိကအချက်များတွင် ဓားစာခံများပြန်လွှတ်ပေးရေး၊ ဂါဇာကမ်းမြောင်ဒေသ နေရာအားလုံးမှ အစ္စရေးတို့ ဖြည်းဖြည်းချင်းဆုတ်ခွာရေးနှင့် ဟားမားစ်တို့ မပါဝင်သည့် ဂါဇာဒေသအုပ်ချုပ်ရေးယန္တရားတို့ပါဝင်သည့် စစ်ပြီးကာလအစီအစဉ်တို့ ဖြစ်သည်ဟု အမေရိကန်သတင်းဝက်ဘ်ဆိုက် အက်စီယိုတွင် ဖော်ပြထားသည်။

ထရမ့်သည် လာမည့်သီတင်းပတ်အတွင်း အမေရိကန်သို့လာရောက်မည့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့်တွေ့ဆုံဖွယ်ရှိပြီး အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်သွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**



## အမေရိကန်ဘဏ်အတိုးနှုန်းနှင့် စီးပွားရေးအချက်အလက်များကြောင့် ဝေါလ်စထရီဈေးကွက်တွင် စတော့ရှယ်ယာဈေးနှုန်းများ ကျဆင်း



**ဝါရှင်တန် စက်တင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု၏ အတိုးနှုန်းအလားအလာနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိနေချိန်တွင် ကမ္ဘာ့အကြီးဆုံးစီးပွားရေးသည် မျှော်မှန်းထားသည်ထက် များစွာကောင်းမွန်နေကြောင်း ပြသသည့် အချက်အလက်များနှင့် သမ္မတ ဒေါ်နယ်လ်ထရမ့်ထံမှ အခွန်ကောက်ခံမှုဆိုင်ရာ သတိပေးချက်အသစ်များကြောင့် စက်တင်ဘာ ၂၆ ရက်က ဈေးကွက်များ ကျဆင်းသွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဝေါလ်စထရီဈေးကွက်၌ သုံးရက်ဆက်တိုက် ကျဆင်းပြီးနောက် အာရုရင်းနှီးမြှုပ်နှံသူများသည် စိတ်ပျက်စရာကောင်းသော ရက်သတ္တပတ်ကို အဆိုးဘက်ဖြင့် အဆုံးသတ်ရန် အခြေအနေရှိနေသည်။ ရှည်ကြာစွာ မြင့်တက်ခဲ့သော ဈေးကွက်အပြီးတွင် ရှယ်ယာများ တန်ဖိုးမြင့်နေပြီဟူသော စိုးရိမ်မှုများလည်း တိုးလာခဲ့သည်။

လာမည့်သီတင်းပတ်တွင် နောက်ဆုံးရက် နီးကပ်လာသည်နှင့်အမျှ အစိုးရလည်ပတ်ရေး ရန်ပုံငွေ အစီအစဉ်နှင့်ပတ်သက်၍ ဥပဒေပြုအမတ်များကြား အငြင်းပွားမှုများကိုလည်း ရင်းနှီးမြှုပ်နှံသူများက သတိဖြင့် စောင့်ကြည့်နေကြသည်။

ဧပြီလ၏ အနိမ့်ဆုံးအမှတ်များမှ စတင်ကာ လပေါင်းများစွာ တက်လာပြီးနောက် စတော့ရှယ်ယာဈေးကွက်များတွင် ဝယ်လိုအား ပြန်လည်ကျဆင်းမှုကို မြင်တွေ့နေရသည်။

ဗဟိုဘဏ်သည် အလုပ်သမားဈေးကွက် အားနည်းလာသည်ကို ကိုးကား၍ ပြီးခဲ့သည့် သီတင်းပတ်က အတိုးနှုန်းကို လျှော့ချခဲ့သော်လည်း နောက်ထပ်လျှော့ချမှုများ ပြုလုပ်မည်ဟု အတိအကျ အာမခံချက် ပေးမထားကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံတွင် တွေ့ရှိသော လူဦးခေါင်းခွံရုပ်ကြွင်းပစ္စည်း လူသားမျိုးနွယ် ဆင့်ကဲပြောင်းလဲလာပုံကို ပြောင်းလဲစေနိုင်

**ပေကျင်း စက်တင်ဘာ ၂၇**

၁၉၉၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ ရှေးဟောင်းလူသား ဦးခေါင်းခွံတစ်ခု တူးဖော်တွေ့ရှိခဲ့ရာ ရုပ်ကြွင်းအဖြစ် ကျောက်ဖြစ်စဉ်အတွင်း ပုံပျက်ပန်းပျက်ဖြစ်နေသောကြောင့် ၎င်း၏ အရေးပါမှုကို ခန့်မှန်းရန် ခက်ခဲခဲ့သော်လည်း ယခုနောက်ပိုင်းပြုလုပ်ခဲ့သော ခွဲခြမ်းစိတ်ဖြာမှု အသစ်တစ်ခုအရ အဆိုပါဦးခေါင်းခွံသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာအတွင်း လူသားမျိုးနွယ် ဆင့်ကဲပြောင်းလဲလာပုံကို နားလည်ထားမှုအား လှုပ်ခါစေနိုင်သည့် ရှာဖွေတွေ့ရှိမှုဖြစ်ပြီး ကျွန်ုပ်တို့ မျိုးစိတ်၏ နမမျိုးရိုးစဉ်ဆက်မှ အစောပိုင်းမျိုးနွယ်စုတစ်ခုနှင့် သက်ဆိုင်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သုတေသီများသည် ၉၄၀ ၀၀၀ မှ ၁ ဒသမ ၁ သန်းအတွင်း သက်တမ်းရှိသော အဆိုပါ ဦးခေါင်းခွံ၏ မူလပုံသဏ္ဌာန်ကို ဆုံးဖြတ်နိုင်ရန် ခေတ်မီ စကင်ဖတ်ခြင်းနှင့် ဒီဂျစ်တယ် ပြန်လည်တည်ဆောက်ခြင်း နည်းပညာများကို အသုံးပြုခဲ့ပြီး အခြားလူသားရုပ်ကြွင်း ၁၀၀ ကျော်နှင့် နှိုင်းယှဉ်ခဲ့ကြသည်။

၎င်းတို့၏ ပြောကြားချက်အရ ယင်းဦးခေါင်းခွံသည် နောက်ပိုင်းတွင် အာရှ၏ ကျယ်ပြန့်သော ဒေသများသို့ လှည့်လည်သွားလာခဲ့ပြီး ကျွန်ုပ်တို့၏ မျိုးစိတ် ဟိုမိုဆေပီယန်များနှင့် မျိုးစပ်ခဲ့သော နက်နဲသည့် ဒေနီဆိုဗန်များ အပါအဝင် ဆင့်ကဲပြောင်းလဲမှု မျိုးရိုးစဉ်ဆက်၏ သက်တမ်းအရင့်ဆုံး အဖွဲ့ဝင်ဖြစ်ပုံရသည်။

လေ့လာမှုကို ဦးဆောင်ခဲ့သည့် ဖူဒန်တက္ကသိုလ်နှင့် တရုတ်သိပ္ပံအကယ်ဒမီ၊ ကျောရိုးရှိသတ္တဝါများ ရှေးဟောင်းသုတေသနပညာနှင့် ရှေးဟောင်းလူသားဗေဒဌာနမှ ရှေးဟောင်းလူသားဗေဒပညာရှင် နီရှီကျွင်း၏ အဆိုအရ ယွန်ရှန်း ၂ ဟု အမည်ပေးထားသော အဆိုပါ ဦးခေါင်းခွံသည် အသက် ၃၀ မှ ၄၀ ဝန်းကျင်ခန့်ရှိသော အမျိုးသားတစ်ဦး၏ ဦးခေါင်းခွံ ဖြစ်ပုံရသည်။

ပြုလုပ်ခဲ့သော ခွဲခြမ်းစိတ်ဖြာမှု အသစ်က အဆိုပါ ဦးခေါင်းခွံသည် ဟိုမိုအီရက်တပ်စ် မဟုတ်ကြောင်း ဖော်ပြသော လက္ခဏာရပ်များရှိသည်ကို ပြသနေကြောင်း သိရသည်။

**Mon**

## ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းထပ်မံ တိုက်ခတ် လူပေါင်းသိန်းနှင့်ချီ ရွှေ့ပြောင်းရပြီး သေဆုံးသူ သုံးဦးရှိ

**မနီလာ စက်တင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံသည် မကြာသေးမီကမှ အသက်ဆုံးရှုံးစေခဲ့သော အင်အားပြင်းတိုင်ဖွန်း ရာဂါဆာ၏ဒဏ်ကို ခံခဲ့ရပြီး ရက်ပိုင်းအကြာတွင် နောက်ထပ်အပူပိုင်းမုန်တိုင်းတစ်ခုကို ရင်ဆိုင်နေရသဖြင့် လူပေါင်းသိန်းနှင့်ချီကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ပြီး အနည်းဆုံး သုံးဦးသေဆုံးသည်ဟု စက်တင်ဘာလ ၂၆ ရက်၌ အတည်ပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပြင်းထန် အပူပိုင်းမုန်တိုင်း ဘူလွိုင်တိုက်ခတ်မှုကြောင့် နံရံများပြိုကျခြင်းနှင့် သစ်ပင်များ အမြစ်ပြုတ်လဲကျခြင်းတို့ ဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့ကြောင်း လူဇုန်ကျွန်းတောင်ပိုင်းရှိ ဘီကိုးလ်ဒေသမှ အရပ်ဘက်ကာကွယ်ရေး အရာရှိများက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၁၀ ကီလိုမီတာအရှိန်ဖြင့် အနောက်နှင့်အနောက်မြောက်ဘက်သို့ ရွေ့လျားတိုက်ခတ်နေသည်။

ပြည်နယ်တစ်ခုရှိ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသူများသည် ခိုလှုံနေသော ဘုရားကျောင်း၏ အမိုးလေဒဏ်ကြောင့် လန့်သွားသောအခါ ဘုရားရှိခိုးထိုင်ခုံများအောက်တွင် ဝင်ရောက်ပုန်းအောင်းခဲ့ကြသည်။

တောင်ပိုင်းလူးဇုန်ရှိ မက်စ်ဘိတ်ပြည်နယ်မှ မြို့နယ်အင်ဂျင်နီယာ ဂျရမ်းမာတီနက်ဇ်က နံနက် ၄ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဘုရားကျောင်း၏ တံခါး၊ ပြတင်းပေါက်များနှင့် မျက်နှာကြက်များ ပျက်စီးသွားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ အမြတ်အစွန်းများ ဩဂုတ်လ၌ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရ

**ပေကျင်း စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်း အမြတ်အစွန်းများသည် ဝယ်လိုအား ပြဿနာများကြောင့် ကျယ်ပြန့်သော စီးပွားရေးနေးကွေးမှုကို လုပ်ငန်းများက ရင်ဆိုင်နေရချိန်တွင်ပင် ဩဂုတ်လ၌ ပြန်လည်တိုးတက်လာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။


အစိုးရ၏ ကုန်ကျစရိတ်ယှဉ်ပြိုင်မှုအပေါ် ထိန်းချုပ်ဆောင်ရွက်မှုသည် ပြီးခဲ့သည့်လက ထုတ်လုပ်သူများ၏ ဈေးနှုန်းကျဆင်းမှုအား သက်သာစေရန် အထောက်အကူဖြစ်စေခဲ့သော်လည်း စီးပွားရေး ခန့်မှန်းချက်များ လွဲချော်နေခြင်းသည် မူဝါဒချမှတ်သူများအပေါ် တိုးတက်မှုကို အားဖြည့်ပေးရန် ဖိအားများ ဆက်လက်ရှိနေစေသည်။

တရုတ်အမျိုးသားစာရင်းအင်းဗျူရို၏ စက်တင်ဘာ ၂၇ ရက်က ထုတ်ပြန်သည့် အချက်အလက်များအရ စက်မှုလုပ်ငန်း အမြတ်အစွန်းများသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဩဂုတ်လတွင် ၂၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ဇူလိုင်လ၏ ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမှုမှ ပြောင်းပြန်ဖြစ်ခဲ့သည်။

ထို့ပြင် ဇန်နဝါရီမှ ဇူလိုင်လအထိ ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းမှုနှင့် နှိုင်းယှဉ်ပါက ပထမ ရှစ်လတာကာလတွင် ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ပြိုင်ဘက်များကို ကျော်လွှန်ရောင်းချနိုင်ရန်အတွက် ပြင်းထန်သောဈေးနှုန်းများအပေါ် အားထားနေရသော မော်တော်ကား၊ နေရောင်ခြည်စွမ်းအင်သုံးနှင့် အခြားသော အဓိကစက်မှုလုပ်ငန်းကဏ္ဍများရှိ ပြင်းထန်သော ယှဉ်ပြိုင်မှုများသည် လုပ်ငန်းများ၏ အမြတ်အစွန်းပမာဏအပေါ် ထိခိုက်မှုများ ရှိစေခဲ့ကြောင်း သိရသည်။

**Mon**





## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရုံးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဆန်းဝင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြသခြင်း၊ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရေးနည်းလမ်းများအား လက်တွေ့သရုပ်ပြသခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူ



**စစ်ကိုင်း စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာနေ အောင်သူ(၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် ----- NISSAN X-TRAIL မော်တော်ယာဉ်နှင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဥတည်ကျေးရွာအုပ်စု၊ ဒေသအခေါ် ပေါ်တော်မူကွက်သစ်ရပ်နေ ဇင်မောင်မောင်(၃၇)နှစ်ဆိုသူ မောင်းနှင်လာသည့် --- DAIHATSU HIJET မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်သူနှင့် ဇင်မောင်မောင်ဆိုသူတို့ နှစ်ဦးအား စစ်ကိုင်းမြို့မရဲစခန်း၌ လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီတွင် ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အေးမြကန်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကမာချောင်းကျေးရွာနေ မင်းသူ(၃၉)နှစ်ဆိုသူ မောင်းနှင်လာသည့် ------ ISUZU D-MAX မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မင်းသူဆိုသူအား ကော့သောင်းမြို့မရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ(Talk Show)တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အေးမျက်ခြယ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်မြင့်မြင့်ထွေးတို့က သဘာဝဘေးအမျိုးအစားများ၊ မုန်တိုင်းမဖြစ်မီကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်လိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ သဘာဝဘေး အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဆက်သွယ်ဆောင်ရွက်ရမည့်နေရာ၊ ဖုန်းနံပါတ်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် အိမ်ထောင်စုများအတွက် ကူညီပံ့ပိုးမှုအခြေအနေများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

## ဓားဦးချွန် ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**လားရှိုး စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၌ ဓားဦးချွန် ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။



ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် ည ၁၂ နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၇)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းသွယ်(၂၂)လမ်းပေါ်အရောက်၌ အမှတ်(၉)ရပ်ကွက်နေ ရဲလင်းထိုက်(ခ)ဝပ်ရှော့(၂၈)နှစ်ဆိုသူအား အရှိုး၊ အသွား ၂၁ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း ကိုင်ဆောင်သွားလာနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရဲလင်းထိုက်(ခ)ဝပ်ရှော့ဆိုသူအား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## စကောဘာကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**အမရပူရ စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ စကောဘာ ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အမရပူရမြို့နယ်၊ ကင်းဘတ်ကျေးရွာ၊ ဘောလုံးကွင်းအရောက်၌ အဆိုပါကျေးရွာနေ အောင်ဖြိုးသူ(၂၀)နှစ်ဆိုသူအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ အရိုး၊ အသွား ၉ လက်မခန့်ရှိ စကောဘာ တစ်ချောင်းအား သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဖြိုးသူအား မြစ်ငယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**ယာဉ်မောင်း သူများ လိုက်နာရန်**

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှစီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။


ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

☆ စာမျက်နှာ ၂၄ မှ

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် မော်လမြိုင်မှ အချိန်မှန်ထွက်ခွာလာသည့် ခရီးသည် ၄၀၁ ဦး ပါရှိသော အမှတ်(၈၂) အစုန် လူစီးအမြန်ရထားသည် ယနေ့ နံနက် ၁၀ နာရီ ၃၂ မိနစ် အချိန်တွင် သထုံဘူတာသို့ ရောက်ရှိ ရပ်နားထားခဲ့ရပြီး နံနက် ၁၁ နာရီ မိနစ် ၂၀ အချိန်တွင် ပြန်လည်ထွက်ခွာခဲ့ရသဖြင့် ရထားစီး ပြည်သူလူထုအနေဖြင့် ၄၅ မိနစ်ခန့် ကြန့်ကြာမှု ကြုံတွေ့ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခု အချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၂ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၁၇၈ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေး စနစ် အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းပျက်စီးမှု အခြေအနေကို တွေ့ရစဉ်။



ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုမှ ဆက်စပ်ပစ္စည်းအား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းဘေးအနီးတွင် တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်း အတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းပျက်စီးမှုကို ပြန်လည်ပြုပြင်နေစဉ်။




ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းပိုင်း ပြန်လည်ပြုပြင်ပြီး၍ အမှတ် (၈၂) အစုန် လူစီးအမြန်ရထား ဖြတ်သန်းနေစဉ်။



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးညွန့်ဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များက အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ စုပေါင်းသွေးလှူဒါန်းစဉ်။

မြို့နယ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းရာ အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)မှ ဗိုလ်မှူးချုပ်ထွန်းထွန်းအောင်၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးမင်း၊ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ဦး၊ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်မြင့်တို့ ကြည့်ရှုအားပေးစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးသွင်ဦး အနီးကပ်ကြီးကြပ်မှုဖြင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ (ဝမ်ပုံ)မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)







# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော် အခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟို)အဆင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ စခန်းသွင်းလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်အား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအတွက် ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးလျှင်ကြီးကြောင့် လျှင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား လိုက်လံရှင်းလင်းပြသရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟို)အဆင့် ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များ အောင်မြေသာစံမြို့နယ်ရှိ အနုပညာအထက်တန်းကျောင်း(မန္တလေး)တွင် စခန်းသွင်းလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ဂုဏ်ပြုထောက်ပံ့ငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၇**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန်းတောင်ရိပ် (၉)ထပ်ဆောင် ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဟန်ထွန်း၊ မန္တလေးပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၆၅ ဦးက စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးစကားများပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။ သွေးအိတ်များကို တိုင်းဒေသကြီးခေတ္တရဲတပ်ဖွဲ့မှူးက မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီးထံ ပေးအပ်ရာ လက်ခံရယူ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀




# မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြနန္ဒာဈေးတွင် အပတ်စဉ်စနေနေ့ အထူးသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြနန္ဒာဈေးတွင် အပတ်စဉ်စနေနေ့ အထူးသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီမှ မွန်းလွဲပိုင်းအထိ ဈေးအတွင်း၊ အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းကို သန့်ရှင်းရေးဌာန၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဈေးနှင့်သားသတ်ဌာနမှ အရာထမ်း၊ အမှုထမ်းများက အထူးသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။



မြနန္ဒာဈေးတွင် အပတ်စဉ်စနေနေ့ အထူးသန့်ရှင်းရေးဆောင်ရွက်ရာ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင် အနီးကပ်ကြီးကြပ်မှုဖြင့် ဒုတိယဌာနမှူး၊ ဌာနခွဲမှူး၊ ဌာနစုမှူးများနှင့် ဈေးနှင့်သားသတ်ဌာနမှ သန့်ရှင်းရေးဝန်ထမ်းအင်အား ၈၀ ဦး၊ ချမ်းမြသာစည်မြို့နယ်သန့်ရှင်းရေးရုံးမှ အင်အား ၂၀ ဦး တို့ဖြင့် ဈေးအပြင်ဘက်မြောင်းအား မြောင်းစာများဆယ်ယူခြင်း၊ ဈေးအတွင်း သားငါးရုံပတ်လည်မြောင်းအား ဆယ်ယူခြင်း၊ အနံ့အသက်ကင်းစင်စေရန် ရေမြောင်းအား ရေဆေးခြင်း၊ ဈေးခြံစည်းရိုးတွင် တွယ်ကပ်ပေါက်နေသော နွယ်ပင်များ ရှင်းလင်းခြင်း၊ ဈေးရုံများအတွင်း မြေစာပုံများ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းအမှိုက်သိမ်းခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

# ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး(၅၂၃၃၄)ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံရေး တိုက်နယ်(၁၂)ခု၊ ကွင်းပေါင်း(၂၂၃)ခုတွင် မိုးစပါး (၅၂၃၃၄)ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးစပါးများစိုက်ပျိုးရာ၌ ရေမြေဒေသအလိုက် အစေ့တိုက်ရိုက်ချစိုက်ခြင်း၊ ပျိုးထောင်၍ ပြောင်းရွှေ့စိုက်ခြင်း စနစ်များဖြင့် တိုက်နယ်(၁)၌ (၂၂၄၀)ဧက၊ တိုက်နယ်(၂)၌ (၅၂၆၈)ဧက၊ တိုက်နယ်(၃)၌ (၅၁၂၅)ဧက၊ တိုက်နယ်(၄)၌ (၄၄၆၈)ဧက၊ တိုက်နယ်(၅)၌ (၅၉၇၀)ဧက၊ တိုက်နယ်(၆)၌ (၃၉၁၄)ဧက၊ တိုက်နယ်(၇)၌ (၂၄၇)ဧက၊ တိုက်နယ်(၈)၌ (၅၉၈၄)ဧက၊ တိုက်နယ်(၉)၌ (၄၂၃၃)ဧက၊ တိုက်နယ်(၁၀)၌ (၅၀၁၂)ဧက၊ တိုက်နယ်(၁၁)၌ (၄၆၈၈)ဧက၊ တိုက်နယ်(၁၂)၌ (၅၁၈၅)ဧက၊ စုစုပေါင်း(၅၂၃၃၄)ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အိုဇုန်းလွှာ ပျက်စီးစေသောဓာတ်ပစ္စည်းများ အသုံးပြုမှုရပ်ဆိုင်းရေး ဆောင်ရွက်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၇**

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှု အလားအလာမြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCS) အမျိုးအစားအအေးပေးဒြပ်ပစ္စည်းများ သုံးစွဲမှုလျှော့ချထိန်းချုပ်ရန်နှင့် နောင်လာမည့်နှစ် ၄၀ ကာလအတွင်း အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကမ္ဘာ့လေထုအတွင်း အိုဇုန်းမော်လီကျူးများ အများဆုံးစုစည်းနေသောနေရာကို အိုဇုန်းလွှာလို့ ခေါ်တယ်။ သက်ရှိတွေကို အန္တရာယ်ဖြစ်စေတဲ့ ခရမ်းလွန်ရောင်ခြည်တွေကို ကမ္ဘာမြေပြင်ဆီ တိုက်ရိုက်မရောက်အောင် ကာကွယ်ပေးတဲ့အလွှာဖြစ်လို့ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းများအသုံးပြုမှုရပ်ဆိုင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများအနက် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့သုံးစွဲမှု အဆင့်အလိုက် လျှော့ချမှုနှင့် သုံးစွဲမှုကို ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ၂၀၂၀ ပြည့်နှစ်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၄၀ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းသွားရမှာ ဖြစ်သည်။ အဆိုပါ ဓာတ်ငွေ့အသုံးပြုမှုကို လျှော့ချပါက အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကာကွယ်နိုင်ခြင်းနှင့်အတူ ကမ္ဘာ့အပူချိန်ကို ၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာနိုင်ခြင်းမှ ၀ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ကို လျှော့ချနိုင်မှာ ဖြစ်သည်။

"တန်ဖိုးရှိလှတဲ့ အိုဇုန်းလွှာက လူသားတွေ ဖန်တီးထုတ်လုပ်တဲ့ ကလိုရင်းနှင့် ဘရိုမင်းလိုဓာတ်ငွေ့တွေကြောင့် ထိခိုက်ပျက်စီးပါတယ်။ ရေခဲသေတ္တာ၊ အအေးပေးစက်နှင့် ရေမြေပ်ထုတ်ကုန်တွေမှာ အသုံးပြုတဲ့ ကလိုရိုဖလူရိုကာဗွန်၊ မီးသတ်ဆေးဘူးတွေမှာ အသုံးပြုတဲ့ ဟေလွန်နှင့် ပိုးမွှားများပိုးသတ်ခြင်းမှာ အသုံးပြုတဲ့ မီသိုင်းဘရိုမိုဒ်နှင့် အဆိုပါဒြပ်ပစ္စည်းများ အသုံးပြုရာမှ ထွက်ပေါ်လာတဲ့ ဓာတ်ငွေ့တွေက အိုဇုန်းလွှာနဲ့ ထိတွေ့ဓာတ်ပြုပြီး ထိခိုက်ပျက်စီးစေတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်သုံးစွဲမှု လျှော့ချရပ်ဆိုင်းနိုင်ရေးအတွက် ထိုဓာတ်ငွေ့အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ အောက် အင်အားရှိ လေအေးပေးစက်များ ပြည်တွင်းတင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ်မှ စတင်တားမြစ်ခြင်း၊ ၂၀၂၄ ခုနှစ်တွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် အပါအဝင် ထိုဓာတ်ငွေ့အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အထက် စွမ်းအားရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် Commercial Refrigerator များ ၊ Cold storage များ၊ Chiller များ ပြည်တွင်းသို့ တင်သွင်းခြင်းအား တားမြစ်ခြင်းတို့ဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဓါပုံ)

စေလင်း(မန္တလေးနေ့စဉ်)

# ရှောင်မြို့နယ်တွင် MEVM ( မြန်မာအီလက်ထရောနစ်မဲပေးစက် )များဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်း အခမ်းအနားကျင်းပ

**ရှောင် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ်တွင် MEVM (မြန်မာအီလက်ထရောနစ်မဲပေးစက်)များဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်း အခမ်းအနားကို ယကြီးကျေးရွာအုပ်စု၊ ပွေးပြတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဦးစီးအရာရှိ ဒေါ်ဇူဇူပိုင်ဝင်းက MEVM(မြန်မာအီလက်ထရောနစ်မဲပေးစက်)နှင့်စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြပြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဦးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းနှင့် ကာကွယ်ပေးရေးဥပဒေမှ သိမှတ်ဖွယ် ကောက်နုတ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြင်းကျဒိုး၊ မြင်းဝန်း၊ နန်းခုံ၊ ယကြီးကျေးရွာအုပ်စုအတွင်းရှိ တက်ရောက်လာကြသူများက (MEVM) မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။



ထို့နောက် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ လမ်းနှင့်လျှပ်စစ်မီး စသည်များကို မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဓါပုံ)

(၃၃၈)



# (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အသင်းဝင်ကုမ္ပဏီများ ပါဝင်ပြသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ(CAEXPO)တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အသင်းဝင်ကုမ္ပဏီများဖြစ်သည့် SWY Group ၊ GBS Group ၊ Wilmar Group၊ Vivo Group နှင့် Benchmark Marine & Agro Export Co.,Ltd တို့မှ ပြခန်းများ ဖွင့်လှစ်ပြီး ဆန်အမျိုးအစား ၂၀ခန့်ကို ပါဝင်ပြသခဲ့ကြသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အသင်းဝင်ကုမ္ပဏီများ၏ ပြခန်းများသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် Myanmar Delegation အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များမှ စက်တင်ဘာ ၁၇ ရက်တွင် ကြွရောက်အားပေးချီးမြှင့်ကြည့်ရှုခဲ့ကြသည်။

ပြပွဲသို့ လာရောက်လေ့လာကြသူများအား အသင်းချုပ်တာဝန်ရှိသူများမှ မြန်မာ့ဆန်စပါးအမျိုးအစားများ၏အရည်အသွေး၊ ဈေးနှုန်း၊ တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေသည့် ဆန်အမျိုးအစားများနှင့် ဆန်မှတစ်ဆင့် ထုတ်လုပ်သည့် Value Added ထုတ်ကုန်များ စသည်တို့ကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ရွှေမန်း**



# လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ အောက်ကမ်းနားလမ်းရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် အသက်(၁၈)နှစ်အထက် လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါရုံးတွင် ဆောင်ရွက်လျက်ရှိသည်။

အသက်(၁၈)နှစ်အထက် လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်စာရေး(ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး)များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်လျက်ရှိရာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဦးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လုပ်ငန်းများ အဆင်ပြေစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၁)**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## သီတင်းကျွတ်ကာလ ပြည်တွင်းပဲ၊ နှမ်းဈေးကွက် ပုံမှန်သာ အရောင်းအဝယ်ရှိနေ



သီတင်းကျွတ်ကာလတွင် ပဲ၊ နှမ်းဈေးကွက် ပုံမှန်သာ အရောင်းအဝယ်ရှိနေသော်လည်း ပို့ကုန်ပဲများ ဈေးကျဆင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

နိုင်ငံခြားငွေဈေး ကျဆင်းမှုနှင့်အတူ ပို့ကုန်ပဲများ ဈေးကျဆင်းနေကြောင်း၊ မြေပဲဆီဆန်နှင့် မြေပဲလုံးဆန်များမှာ ဆီစက်ပိုင်များ ဝယ်ယူမှု နည်းလာသောကြောင့် ဈေးအနည်းငယ် ပြန်လည်ကျဆင်းနေကြောင်း ပဲ၊ နှမ်းကုန်သည် ဦးကျော်သွင်က ပြောသည်။

"သီတင်းကျွတ်ကာလဖြစ်ပေမယ့် ပြည်တွင်း ဒေါ်လာဈေးတည်ငြိမ်တော့ ပို့ကုန်ပဲတွေရော၊ ပြည်တွင်းသုံးပဲတွေရော ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းနေပါတယ်။ ပြည်တွင်း ဆီစက်တွေက ဆီကြိတ်ခွဲနိုင်မှု နည်းတော့ မြေပဲဆန်ဝယ်ယူမှုနည်းလာပြီး ဈေးအနည်းငယ် ပြန်ကျနေတာပါ။ လက်ရှိ ပဲ၊ နှမ်းဈေးကွက်ကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်"ဟု ၄င်းက ပြောသည်။

စက်တင်ဘာ ၂၇ ရက်တွင် ပို့ကုန်ပဲများတွင် ပဲစင်းငုံနှင့် မတ်ပဲမှာ ဈေးအနည်းငယ် ကျဆင်းမှုရှိသော်လည်း ပဲတီစိမ်းမှာ ဝယ်လိုအားကောင်းလာ၍ ဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၂၃၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်အကျရှိသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ ဗျဂုကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၄၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ စက်တင်ဘာ ၂၇ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ ကျွန်းစားတော်ပဲ(မျိုး) တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ စက်တင်ဘာ ၂၇ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၄၅၀ အသီးသီး ပေါက်ဈေးရှိနေသည်။

စက်တင်ဘာလနောက်ပိုင်း ဧရာဝတီမြစ် ကျွန်းစိုက်ခင်းများတွင် ပဲမျိုးစုံကို အဓိက စိုက်ပျိုးကြရာ ယခုအချိန်တွင် ရေစတင်ကျဆင်းနေပြီဖြစ်၍ ဈေးကွက်ဝင် ပဲမျိုးများကို တောင်သူများ ရွေးချယ်စိုက်ပျိုးကြရာ ဈေးကောင်းရရှိသည့် ကျွန်းစားတော်ပဲ၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲနီပြာတို့ကို စိုက်ပျိုးနိုင်ရန် မျိုးဝယ်ယူမှုများ ရှိနေချိန်ဖြစ်သည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလို ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများက ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**

✱-✱-✱-✱-✱



## လာမည့် ပွင့်လင်းရာသီအတွင်း သုံးစွဲရန် စက်သုံးဆီများ ကြိုလှောင်ထားဟု ထုတ်ပြန်

သီတင်းကျွတ်ပွဲတော်ကာလအပါအဝင် လာမည့် ပွင့်လင်းရာသီကာလအတွင်း စက်သုံးဆီ လုံလောက်စွာ သုံးစွဲနိုင်ဖို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားကြောင်း စက်သုံးဆီလုပ်ငန်းရှင်များထံမှ သိရပါတယ်။

ကြိုတင်စီမံထားရှိမှုကြောင့် အဆိုပါကာလတွေအတွင်း စက်သုံးဆီတွေ လုံလောက်စွာ သုံးစွဲနိုင်တဲ့အပြင် အရန်ဆီတွေကိုလည်း သိုလှောင်ထားရှိပြီး ဖြစ်တယ်လို့ ဆိုပါတယ်။

အာရှပစိဖိတ်ဒေသတွင်း စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်ခဲ့ပေမယ့် မြန်မာကျပ်ငွေနိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းတွေ ကျဆင်းခဲ့တာကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းတွေ ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

စက်တင်ဘာလ ၁၉ ရက်က စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီရဲ့ ထုတ်ပြန်ချက်အရ 92 Ron တစ်လီတာလျှင် ငွေကျပ် ၃၀ ၊ 95 Ron တစ်လီတာလျှင် ၂၅ ကျပ်နဲ့ ပရီမီယံဒီဇယ် တစ်လီတာလျှင် ၅ကျပ် အသီးသီး ကျဆင်းသွားပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း နိုင်ငံခြားငွေကြေးဈေးကွက်ကနေ စက်သုံးဆီလုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာတွေ ထုတ်ရောင်းပေးလျက်ရှိပါတယ်။

အခု စက်တင်ဘာလမှာဆိုရင် FX Trading Platform ကနေ စက်သုံးဆီလုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာ ၇၇ သန်းကို သုံးကြိမ်ခွဲပြီး ထုတ်ရောင်းပေးထားပါတယ်။

ဗဟိုဘဏ်အနေနဲ့ ပြီးခဲ့တဲ့ ဩဂုတ်လ တစ်လလုံးမှာ စက်သုံးဆီကဏ္ဍကို အမေရိကန်ဒေါ်လာ ၁၂၆ သန်းအထိ ထုတ်ရောင်းပေးခဲ့ပါတယ်။ **(မန္တလေးနေ့စဉ်-၆)**

## ငါးလအတွင်း ပုစွန်တင်ပို့မှုမှ ဒေါ်လာ ၁၀ သန်းကျော် ရရှိ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငါးလတာအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈၅ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ပုစွန်တန်ချိန် ၃၇၀၀ ကျော် တင်ပို့မှုမှ ရရှိခဲ့တာဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုမှ ၃၃၅၆ ဒသမ ၀၁၃ တန်နဲ့ နယ်စပ်ကုန်သွယ်မှုမှ ၃၈၄ ဒသမ ၅၄ တန် တင်ပို့နိုင်ခဲ့သည်။

လက်ရှိမှာ မြန်မာနိုင်ငံကနေ ပုစွန်၊ ငါး အစရှိတဲ့ ရေထွက်ကုန်တွေကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်ကို ပုံမှန် တင်ပို့နေရသည်။

ယခုဘဏ္ဍာနှစ် ငါးလအတွင်း ပြည်ပသို့ ရေထွက်ကုန်မျိုးစုံ တင်ပို့မှုအနေဖြင့် ၁၅၃၉၂၆ ဒသမ ၃၃၉ တန်ရှိပြီး အဆိုပါတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၃ ဒသမ ၄၃၆ သန်း ရရှိထားကြောင်း သိရသည်။ **ရွှေမန်း**

## သကြားဝယ်ယူမှု နည်းပါးသွားခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်း



မန္တလေးဈေးကွက်အတွင်းတွင် ပြည်ပနိုင်ငံများသို့ တင်ပို့ရန် ဝယ်ယူမှုနည်းပါးနေခြင်းနှင့် ဈေးကွက်အတွင်း ဝယ်ယူမှုနည်းပါးနေသဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ခန့် ဈေးနှုန်းကျဆင်းလာကြောင်း မန္တလေးသကြားကုန်စည်ဒိုင်မှ သိရသည်။

သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် စက်တင်ဘာ ပထမသီတင်းပတ်တွင် ငွေကျပ် ၄၉၀၀-၅၀၀၀ ဝန်းကျင်မှ စက်တင်ဘာနောက်ဆုံးပတ်တွင် ငွေကျပ် ၄၂၀၀-၄၆၀၀ သို့ ကျဆင်းလာကြောင်း၊ ပြည်ပနိုင်ငံများက ဝယ်ယူမှုနည်းပါးလျှင် ဈေးနှုန်းဆက်လက် အေးမည့်အခြေအနေတွင် ရှိကြောင်း သိရသည်။

"ပြည်ပသကြားဈေးကွက်လည်း ကျနေတယ်၊ ပြည်တွင်းက သကြားတွေကိုလည်း ဝယ်ယူသူနည်းပါးနေတဲ့အတွက် သကြားဈေးနှုန်းကျဆင်းလာတာ ဖြစ်ပါတယ်၊ သိသိသာသာတော့ ဆက်လက် ကျဆင်းမယ့် အခြေအနေ မရှိပါဘူး"ဟု အဆိုပါကုန်စည်ဒိုင်မှ သကြားကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်းတွင် သကြားစက်ရုံ ၂၉ ရုံရှိပြီး လက်ရှိတွင် ထက်ဝက်ကျော်ခန့် လည်ပတ်လျက်ရှိကြောင်း ယခုနှစ်ကြံရာသီအတွင်းတွင် သကြားထုတ်လုပ်မှု တန်ချိန် ငါးသိန်းကျော်ခန့် ထုတ်လုပ်လည်ပတ်ခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**မန္တလေးနေ့စဉ်-၈**



# မြို့နယ်စာရေးဆရာအသင်း စာဖတ်ဝိုင်း ကျင်းပ

မန္တလေး စက်တင်ဘာ ၂၇

စာအုပ်စာပေဖတ်ရှုခြင်းများမှ အသိပညာဗဟုသုတများ ကြွယ်ဝစေရန်နှင့် စာအုပ်စာပေများကို တန်ဖိုးထားစေရန် ရည်ရွယ်ကာ မြို့နယ်စာရေးဆရာအသင်းနှင့်အတူ စာဖတ်ဝိုင်းအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် Community Center ခန်းမ၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ (ဝဲပုံ)

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး စာဖတ်ဝိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့သည်။ စာဖတ်ဝိုင်းကျင်းပရာတွင် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းရှိ စာရေးဆရာကြီး၊ ဆရာမကြီးများမှ တက္ကသိုလ်ဘုန်းနိုင် ရေးသားသော "တစ်ပြည်သူ မရွေထား" စာအုပ်ထဲရှိ မှတ်သားဖွယ်အကြောင်းအရာများအား အပြန်အလှန် ဖတ်ကြားခဲ့သည်။

စာဖတ်ဝိုင်းအခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာကြီး၊ ဆရာမကြီးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်

# တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ FAME ORGANIC PHARMING သို့ ကွင်းဆင်းလေ့လာ

မန္တလေး စက်တင်ဘာ ၂၇

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)သင်ရိုးညွှန်းတမ်းပါအရ ၂၀၂၅ ပညာသင်နှစ် တတိယနှစ် ကျောင်းသား၊ ကျောင်းသူများ၏ ဆေးဖက်ဝင်ဆေးပင်များ သုတေသနပြုကွင်းဆင်းလေ့လာရေး ခရီးစဉ်အဖြစ် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်မြင့်သန်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ပါမောက္ခ ဌေးလွင်၊ ဆေးဝါးဗေဒဌာနပါမောက္ခဌာနမှူး ပါမောက္ခသန္တာခိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်တာရာမြင့်၊ သုတေသနမှူး ဒေါ်မျိုးသီတာအေးနှင့် ကြီးကြပ်ဆရာ၊ ဆရာမများ၊ တတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၁၁၀ ဦးတို့သည် ပြင်ဦးလွင်မြို့ FAME ORGANIC PHARMING PROJECT သို့ သွားရောက်လေ့လာကြရာ FAME မှ တာဝန်ရှိသူများက ORGANIC FAME ဆေးဖက်ဝင်အပင်များကို အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးခြင်းနည်းပညာများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြရာ ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ၊ မေးမြန်းမှုများအား တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်)ရုံးခွဲသို့ လေ့လာရေးခရီးစဉ်သွားရောက်လေ့လာရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းပပနိုင်နှင့် တာဝန်ရှိဆရာ၊ ဆရာမများက ဆေးဖက်ဝင်ဆေးပင်များ သုတေသနပြုလုပ်ခြင်းများအတွက် သုတေသနဓာတ်ခွဲခန်းများအား ကျောင်းသား၊ ကျောင်းသူများကို အသေးစိတ်လိုက်လံရှင်းပြခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များ၊ မေးမြန်းမှုများအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ (ဝ၇ဝ)

# အခြေခံပညာမူလတန်းကျောင်းများတွင် ဆုံဆို့ မေးခိုင်ကာကွယ်ဆေး(DT)နှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံပေး

မြစ်သား စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကို ဦးဆောင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက မြို့ပေါ်အခြေခံပညာမူလတန်းကျောင်းများမှ အသက်(၅)နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုံဆို့ ၊ မေးခိုင်ကာကွယ်ဆေး(DT)နှင့် အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ထိုးနှံပေးခဲ့သည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဦးဆောင်ပြီး မြို့နယ်ကာကွယ်ဆေးထိုးကွင်းဆင်းအဖွဲ့ ကျန်းမာရေး ဆရာ၊ ဆရာမများက မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး(DT) ထိုးနှံကျောင်းသား၊ ကျောင်းသူ ၄၄၁ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံသည့် ကျောင်းသူ ၁၇၆ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (အောက်ပုံ)

ဝါဝါမြင့် (မြစ်သား)



# အိမ်သုံးမီတာများအား တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ အိမ်သုံးမီတာများအား တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ရှိ၊ မရှိကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော ဝန်ထမ်းများက မိတ္ထီလာမြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများ၏ ဓာတ်အားသုံးစွဲမှုအခြေအနေ၊ Seal ပြည့်စုံမှုရှိ၊ မရှိ၊ ဓာတ်အားခပေးဆောင်မှုနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

(၄၆၉)





ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး


# အတူသွားစို့

* ပန်းတသင်းက
လွမ်းချင်းဖွဲ့ဆို
အေးချမ်းလိုသည်။
* ငှက်မျိုးများစွာ
တေးဟေမာဝယ်
သာယာသံညင်း
ငြိမ်းချမ်းခြင်းတေး
သီကြွေးဟစ်ဆို
သာယာလိုသည်။
* ပန်းရနံ့မွှေး
ငှက်တေးသံသာ
ကမ္ဘာမြေကြီး
လုပြီးလုစေ။
* တို့တစ်တွေလည်း အတူသွားစို့
လက်တွဲညီညာ
ပြည်ခွင်သာဖို့
ကောင်းတာတွေစု
မကောင်းမှုဖယ်
စိတ်ဝယ်ဒွိဟ
သံသယဖျောက်။
* တစ်ယောက်ချင်းစီ
ညီရင်းအစ်ကိုလို
စိတ်ကိုယ်မျှတ
လက်တွဲကြစို့။
* စိတ်ထားဖြူဖြူ
မညှုစုတမ်း
ရှေ့ကိုလှမ်းချီ
အောင်ပန်းဆီသို့။ ။

မြခြူးအိမ်-ကိုလေး

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။



# လောကချမ်းသာဓမ္မာရုံ ထီးတော်အသစ်တင်လှူ



**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ (တတ) ဝန်ထမ်းရပ်ကွက်လုံးဆိုင်ရာ 'လောကချမ်းသာ'ဓမ္မာရုံ ထီးတော်ကြီးသည် မတ် ၂၈ရက် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားခဲ့ရာ အသစ်ပြန်လည် တင်လှူခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပင့်သံဃာတော် ဆယ်ပါးတို့က ဘုရားအနေကဇာ တင်ကြပြီး အလှူရှင်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ထီးတော်အလှူရှင် ဦးမောင်မောင်ခင်+ဒေါ်စိန်တုတ် မိသားစုက စိန်ဖူးတော်အား ပင့်ဆောင်ကြကာ ဓမ္မာရုံဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရပ်မိရပ်ဖများ က ထီးတော်ကြီးအား ပင့်ဆောင် တင်လှူကြသည်။

ထို့နောက် ဆရာတော်ထံမှ အလှူရှင်ဧည့်ပရိသတ်အပေါင်းတို့က လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြည်ညို၍ ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# ဆုံဆည်းရာ အရုဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၀၆)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် (၈၀၆)၊ မြေပဒေသာ လမ်းသွယ်ရှိ ဆုံစည်းရာအရုဏ် ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၆)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅နာရီခွဲက လမ်း၆၀နှင့် ၂၈(B) လမ်းထောင့်ရှိ အဆိုပါအသင်းရုံး ရှေ့၌ ကျင်းပရာ ဆွမ်းခံကြွ ရောက်လာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက အရုဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။ **(အောက်ပုံ)**

(၂၀၆)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် လယ်ကိုင်းတိုက်အရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တဆန္ဒောဒရ၊ အေးချမ်းအောင်မြင် ရဲမွန်တောင်ကျောင်းဆရာတော်၊ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်း)မိသားစု၊ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊အောင်မြန်မာလျှပ်စစ် မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး (သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ (ဖခင်ကြီး) ဦးကိုးအောင်+ (မိခင်ကြီး)ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ ကိုကျော်ကျော် + မတင်မမ (မြရောင်ခြည်ကဖေး) မိသားစု၊ ဦးအောင်ကျော်+ ဒေါ်ရာရှင်း မိသားစု၊ ဦးခင်မောင်ရီနှင့် ဇနီးမိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြသည်။

ဆုံစည်းရာဆွမ်းလောင်းအသင်းကြီးသည် လစဉ်မြန်မာလဆန်း ၃ရက်တိုင်း ဆွမ်းလောင်းလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့်ပါဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းဦး**



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A) ထံမှ ကုသိုလ်အစုစုတို့အတွက် ယောကြားချီးမြှင့်သော ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးအောင်သိန်း+ ဒေါ်မြင့်မြင့်ကြည်၊ (သား)ကိုမိုးကျော်လွင်၊ ကိုစိုးလှိုင်ထွန်း+မအေးသက်ဆွေ၊ (မြေး)မရွှေဝတ်ရည်လှိုင်၊မောင်ဇွဲသီဟထွန်းမိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ် ၁၉သိန်း ဖြည့်စွက် လှူဒါန်း ငွေကျပ် တစ်သိန်း၊စုစုပေါင်းငွေကျပ်သိန်း ၂၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အဆိုပါ အလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**PNT**



# ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၇**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၅၃(C) လမ်း၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားနေ ကွယ်လွန်သူ ဦးအုန်း၏ တစ်နှစ်ပြည့်အားရည်စူး၍ ဒေါ်တင်လှိုင်၊ (သား) ဦးထိန်လင်း မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က ၆၂ လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံ အလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနနှင့် ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

# (၁၈)ကြိမ်မြောက် ဘုံကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၏ နာယကဆရာတော်၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် စုပေါင်းဘုံကထိန်တော်အတွက် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်နေ အလှူရှင် ကိုအောင်မြင့်စိုး+ဒေါ်မိုးမိုးဌေး မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်သွေဥာဏထေရီ (မြဝတီကျောင်း-မန္တလေးတောင်ခြေ)နေက ကွယ်လွန်သူ မိဘ၊ဆွေမျိုးမိတ်သင်္ဂဟတို့အားရည်စူး၍ ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ ဦးခင်မောင်ရွှေ+ဒေါ်မေမြင့် (တိုင်းမြေစာရင်းဦးစီးမှူး-ငြိမ်း)၊ (သမီး) ဒေါက်တာ မိဆုဝေဖူး၊ဒေါက်တာ မိဆုလှိုင်လှိုင်သီ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ နှစ်ဖက်မိဘများ အမှူးထား၍ ဦးခင်မောင်ဝင်း+ ဒေါ်အေးအေးမာ၊ (သမီး)မကြည်လဲ့အောင် မိသားစုက ပဒေသာပင်တစ်ပင်တို့ကို ယမန်နေ့က အသီးသီးလှူဒါန်းကြရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ဥက္ကဋ္ဌဦးလှဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ယခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၈၃ ကျောင်းကို တစ်ကျောင်း တစ်ပင်နှုန်း၊ တစ်ပင်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်းနှုန်းဖြင့် လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းကုသိုလ်ပြုလိုပါက ဖုန်းနံပါတ် ၀၉-၉၇၅ ၇၆၄၃၂၃၊ ၀၉-၄၀၂၆၉၂၅၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၉)**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပ

**နမ့်စန် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၉နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများက ဆရာ၊ဆရာမများအား 'ဗုဒ္ဓပူဇနိယ'သီချင်းဖြင့် ပူဇော်ကန်တော့ခဲ့ပြီး 'မြတ်ဆရာ'သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြသည်။

ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက ဆရာ၊ဆရာမများကို ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကန်တော့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက ဩဝါဒစကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်အလိုက် ဆရာ၊ဆရာမများက ဩဝါဒဆုတောင်းစကားများ အသီးသီးပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သီချင်း၊ အကနှင့် တစ်ခန်းရပ်ပြဇာတ်များဖြင့် ဖျော်ဖြေကပြခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ရသမှန်ကူကွက်နှင့် မီဒီယာ


## ပြတ်ရွှေ့သောက နိုးထမန္တလေး

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် မန္တလေးငလျင် မှတ်တမ်း 'ပြတ်ရွှေ့သောက နိုးထမန္တလေး' ခံစားရေးဖွဲ့မှုများစာအုပ်ကို သတင်းထောက် ကိုရွှေမန်း ထံမှတစ်ဆင့် ရောက်ရှိလာခဲ့ပါတယ်။ စာအုပ်မထုတ်ခင်ကတည်းက စာမူပို့ပေးဖို့ အချိန်က တိုက်တွန်းကြတယ်။ ငလျင်ရဲ့ ကိုယ်တွေ့ကို ပြန်စဉ်းစားရင်း ငလျင်ကြောင့် ပျက်ခဲ့တဲ့ အပျက်အစီးတွေ၊ ငလျင်ကြောင့် ပြိုကျခဲ့တဲ့ စေတီပုထိုးတွေရဲ့ မြင်ကွင်းတွေက စိတ်မျက်စိထဲမှာ ရုပ်ရှင်ပြသလို ပီပီပြင်ပြင်ကြီး ပေါ်လာခဲ့တာပေါ့။ ခံစားရတာပေါ့ဗျာ။ ရင်ထဲမှာ နင့်နေတာပဲ။ ထိတ်လန့်ကြောက်ရွံ့ခဲ့တာရော၊ စိုးရိမ်ပူပန်ရမှုတွေရော၊ ပြိုပျက်ခဲ့ရတဲ့ ရှေးအမွေ သာသနိကအဆောက်အအုံစေတီပုထိုးတွေကိုကြည့်ပြီး မချိအောင် ခံစားခဲ့ရတာပေါ့····ဒါပေမဲ့ စာအဖြစ် ချရေးမယ်ဆိုပြီး စာရွက်နဲ့ ဘောလ်ပင်ကိုင်ရင်း စိတ်ခံစားဖိစီးမှုတွေ ပြန်ဖြစ်လာလို့ မရေးတော့ဘဲ ဖွတ်စိတ်ထဲကအကြောင်းတွေကို အတင်းပျောက်အောင် ကြိုးစားမိတာချည်းပါပဲ···။

ငလျင်လှုပ်မယ့်နေ့ နံနက်ပိုင်းက မန္တလေး မြို့တော်စည်ပင်သာယာရုံးကြီးထဲမှာ အစည်းအဝေးတက်ရတဲ့နေ့၊ အလုပ်တာဝန်ကလည်း နေ့၊ ည ၂၄ နာရီ တာဝန်ထမ်းဆောင်ရမှာ နံနက် သတင်းစာတိုက်မှာ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပြီး ရုံးကြီးမှာအစည်းအဝေး တက်၊ နေ့လယ် အစည်းအဝေးပြီးတာနဲ့ ချိန်းထားတဲ့ ၃၅ လမ်းက လက်ဖက်ရည်ဆိုင်ကိုသွား နေ့လယ်စာ ကမန်းကတန်းမှာစားပြီး ဆရာတော် တက္ကသိုလ်တေဇာလင်း၊ ကိုသွယ်အောင်၊ အိုးဝေမြေနီကျင်းတို့နဲ့ ခဏစကားပြောပြီး ရုံးကို အသော့ပြန်လာခဲ့ပြီး အလုပ်ခွင်ဝင်ခဲ့ပါတယ်။ အလုပ်ထိုင်လို့မှ မကြာသေး ကျွန်တော့်ရုံးခန်းကို ဆရာစိုင်းအောင်မိန်း ရောက်လာလို့ စကားပြောဖြစ်ကြတယ်။ အလုပ်များနေတာကို အားနာပြီး ဆရာစိုင်းအောင်မိန်းက နှုတ်ဆက်ပြီး ပြန်မယ်ပြောလို့ အခန်းပေါက်ကို လိုက်အပို့ ဒိန်းကနဲ ဝေါကနဲ အသံတွေနဲ့ ငလျင်က ခပ်ကြမ်းကြမ်း ဆွဲခါလိုက်တာ ရုံးခန်းက ရေအေးစက်တွေလဲကျ၊ ဘီရိုပေါ်ကတင်ထားတဲ့ စာအုပ်၊ ပစ္စည်းတွေပြိုကျ၊ ကွန်ပျူတာ၊ စာပြင်သမီးငယ်တွေက ကြောက်လန့်တကြားနဲ့အော်ပြီး ကြမ်းပြင်မှာ ထိုင်ချကြနဲ့ ဆူညံနေတာပေါ့···။ အခန်းပေါက်မှာ တဒိုင်းဒိုင်း ရိုက်ခါနေတဲ့တံခါးကိုကိုင်ပြီး ရပ်နေရာက ငလျင်အချိန်ကြာလို့ တို့ရုံးတော့ပြိုပြီ။ ငါတို့တော့ သေပြီဟလို့ တွေးပြီး လှေကားဘက်ကို အတင်းထွက်ခဲ့တာ··· ငလျင်ငြိမ်စပြုတာနဲ့ အောက်ထပ်ကို ပြေးဆင်းမိတာပေါ့။ အဲ့ဒီနေ့က အလုပ်တစ်ပိုင်းတစ်စနဲ့ အိမ်နဲ့ ရုံးကို နှစ်ခေါက်ပြေးရသေးတယ်ဗျ။ ဖုန်းတွေဆက်မရလို့လေ···။ လမ်းမှာ အဆောက်အအုံတွေပြို၊ မီးခိုးလုံး၊ ဖုန်လုံးတွေကထ၊ ကောင်းကင်က မှုန်မှိုင်း၊ ဆေးရုံက လူနာတွေရော လမ်းပေါ်ဆင်းပြေးကြနဲ့ ကမ္ဘာပျက်သလို မြင်ကွင်းတွေကြား ပြေးလွှားခဲ့ရသေးတယ်ဗျာ။ မီးသတ်ကားနဲ့ လူနာတင်ကားသံတွေကလည်း စိတ်ကိုချောက်ချားစေတာ အမှန်ပဲ။ အဲ့ဒီညက ရုံးခန်းကို သန့်စင်ခန်းနားက ကားရပ်တဲ့ အမိုးအောက်ရွှေ့ပြီး အနံ့ဆိုးနဲ့ ခြင်တွေကြားမှာ တစ်ညလုံး အလုပ်လုပ်ခဲ့ရတာလည်း မမေ့စရာ၊ မနက်အလုပ်ပြီးလို့ အိမ်ပြန်ရောက်တာနဲ့ အမရပူရ အခြေအနေဆိုးကြောင်းပြောပြီး လင်မယားနှစ်ယောက် ဆိုင်ကယ်နဲ့ထွက်ခဲ့ကြတာ အမရပူရရောက်ဖို့ လမ်းမှာ တစ်နာရီခွဲလောက်ကြာအောင် သွားခဲ့ရတယ်။ အပျက်အစီးတွေ အပြိုအလဲတွေ များလို့ပေါ့···။ အမရပူရရောက်တော့ ကိုယ့်ဆိုင်လေးကြည့်တော့ ပြားပြားဝပ်နေပြီ။ အိမ်ပိုင်ရှင် မိသားစုထဲက နှစ်ယောက်ပိနေလို့ တစ်ညလုံး အိပ်ရေးပျက်၊ နေပူတဲ့ကြားက အုတ်ကျိုးတွေ အပျက်အစီးတွေဖယ်ပြီး လူရှာ၊ နေ့လယ်ပိုင်း အလောင်းတွေ့မှ ကူညီရေးတွေကပေးတဲ့ ရေနဲ့ ထမင်းထုပ်ကို ဖွတ်မျှောချပြီး အရိပ်မှာနား၊ ညနေပိုင်းမှာ ပုသိမ်ကြီးကို ပြန်ခဲ့ကြတာပေါ့။ ငလျင်စလှုပ်တဲ့နေ့ကနေ ရက်တော်တော်များများ အိပ်ရေးပျက်၊ ညဆိုရင် ရပ်ကွက်ထဲက လမ်းပေါ် အခင်းခင်းပြီးနေကြ၊ စကားပြောကြနဲ့ အိပ်ရတယ် မရှိသလောက်ပါပဲ။ အဲ့ဒီဆိုးရွားတဲ့ ငလျင်အကြောင်း ပြန်ပြီးလည်း မတွေးချင်၊ ပြန်ပြီးလည်း မပြောချင်ပေမယ့် တွေးမိပြောမိကြတာပါပဲ။

ခုလည်း ပြတ်ရွှေ့သောက နိုးထမန္တလေးစာအုပ်က စားပွဲပေါ် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတယ်။ စာအုပ်ရဲ့စာမျက်နှာတိုင်း၊ စာမျက်နှာတိုင်းက အသံတွေထွက်နေတာပါကလား၊ မကြည့်ချင်တဲ့ မမြင်ချင်တဲ့မြင်ကွင်းတွေ မြင်ရ၊ စကားလုံးတွေထဲက အသံတွေကလည်း နားမခံသာအောင်ပါပဲ။ အဲ့ဒီအသံတွေထဲက အကျယ်လောင်ဆုံးအသံက ရင်ကွဲသံစဉ်တွေပါပဲ။ မျက်စိနား၊ စိတ်နားထဲမှာ ဆူညံနေအောင် ကြားနေရတာပါ။ စာအုပ်ကို တစ်ရွက်ချင်းလှန်ရင်း ဆရာ မောင်ကြည်သာ(တောင်တွင်း)ရဲ့ အနှစ်(၁၀၀)ကဗျာမှာ-

ခုလည်း ပြတ်ရွှေ့သောက နိုးထမန္တလေးစာအုပ်က စားပွဲပေါ်
ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတယ်။ စာအုပ်ရဲ့စာမျက်နှာတိုင်း၊ စာမျက်နှာတိုင်းက
အသံတွေထွက်နေတာပါကလား၊ မကြည့်ချင်တဲ့ မမြင်ချင်တဲ့မြင်ကွင်းတွေ မြင်ရ၊
စကားလုံးတွေထဲက အသံတွေကလည်း နားမခံသာအောင်ပါပဲ။
အဲ့ဒီအသံတွေထဲက အကျယ်လောင်ဆုံးအသံက ရင်ကွဲသံစဉ်တွေပါပဲ။
မျက်စိနား၊ စိတ်နားထဲမှာ ဆူညံနေအောင် ကြားနေရတာပါ။







'ဒုက္ခက ဒုက္ခလို့ ပြောဖို့ မလုံလောက်'တဲ့ ကဲ··ဆရာက ငလျင်ရဲ့ ဒုက္ခကို အဲ့သလို မီးမောင်းထိုးပြသဗျာ··· သူငယ်ချင်းလုပ်ဖော်ကိုင်ဖက် ကိုနေမျိုးက

'အသင့်ရင်ဆိုင်
ပွဲတိုင်းနိုင်အောင်
ကြံဆောင်လှုပ်ရှား
တို့များအားအင်
ငလျင်ကပ်ဘေး
မနေးဖြတ်သန်း
မမောတမ်းလေ'လို့ ရင်ဆိုင်ဖို့ ခွန်အားတွေ

ပေးထားပြန်ပါရော ··· ဆရာ ကိုစိုးသစ်ကလည်း-

'ကြားဖူးသမျှ အသံတွေထဲ
သူစိမ်းအဆန်ဆုံးပဲ
မြင်ကွင်းနဲ့ အဖြစ်အပျက်တွေက
ကွဋ္ဌာရုံမပါဘူး'တဲ့

ခံစားဖွဲ့ဆိုထားပါတယ်···။

ညီမငယ် ဆုးခက်နွယ်က-

'တော်လည်းသံတဲ့
ကောင်းကင်ကလာတာလား
မြေကြီးကလာတာလား
စဉ်းစားချိန်မရှိအောင်
ကြောက်စရာကောင်းတဲ့
တော်လည်းသံအပြီးမှာတော့
မိသားစုဘဝတွေ
တော်တော်လဲကျခဲ့ရတယ်···'လို့ ရေရွတ်

မြည်တမ်းခဲ့တယ်။ ကျွန်တော့်ရဲ့ဆရာ ကိုသင်းပန်နဲ့ ကိုလေး(အင်းဝဂုဏ်ရည်)၊ ဏီမွှေးငယ်၊ မြတ်လင်းသူ၊ ဇင်နှင်းတို့ရဲ့ကဗျာတွေကလည်း ရင်ထဲကို ထိရှစေတာပါပဲ။

ဆောင်းပါးကဏ္ဍမှာလည်း ဆရာဆူးငှက်၊ ဒေါက်တာမောင်သင်း၊ ညီစေမင်း၊ တက္ကသိုလ်တေဇာလင်း စတဲ့ မန္တလေးရဲ့ လူသိများတဲ့ ဆရာတွေရဲ့ဆောင်းပါးတွေပါ။ အဲ့ဒီထဲမှ ဥပဒေကဏ္ဍ။ အင်တာဗျူးကဏ္ဍ၊ ဝတ္ထုကဏ္ဍတို့လည်း ပါသဗျ။ ဆောင်းပါးတွေအားလုံးကို ခြုံကြည့်မယ်ဆိုရင် ငလျင်နဲ့ပတ်သက်တဲ့ သိမှတ်ဖွယ်ရာ ဗဟုသုတတွေ၊ ငလျင်သမိုင်း၊ ငလျင်ကြောင့် အပျက်အစီးများ၊ မည်သို့ကာကွယ် နေထိုင်မည်၊ နောင်မျိုးဆက်တွေအတွက် သိသင့်တာတွေ လက်ဆင့်ကမ်းပေးဝေလိုတဲ့ စေတနာရည်ရွယ်ချက်တွေနဲ့ ရေးသားတင်ပြထားတာ တွေ့ရပါတယ်။ မန္တလေးငလျင်ကြီးနဲ့ပတ်သက်ပြီး မန္တလေးသား စာရေးဆရာ၊ ကဗျာဆရာတွေရဲ့ ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတဲ့ အကြောင်းများကို ရေးထားကြတာ ဖြစ်ပါတယ်···။

မန္တလေးငလျင်ကြီးအကြောင်းကို ပြန်လည်းမတွေးချင်၊ ပြန်လည်းမကြည့်ချင်သော်လည်း ယခုထွက်ရှိသည့် ပြတ်ရွှေ့သောက နိုးထမန္တလေး စာအုပ်ကိုမူ မကြည့်ချင်လည်း ကြည့်ရမည့်စာအုပ်၊ မဖတ်ချင်လည်း ဖတ်ကိုဖတ်ရမည့် စာအုပ်ဟု ညွှန်းဆိုပါရစေ။ သမိုင်းစာအုပ်လည်းဖြစ်၊ ရသစာအုပ်လည်းဖြစ်၊ ပညာပေးစာအုပ်လည်းဖြစ်၊ မှတ်တမ်းစာအုပ်လည်းဖြစ်လို့ မိမိစာအုပ်စင်မှာ ထားရမည့်စာအုပ်လို့ ဆိုရမှာပါ။ ကျွန်တော့် ချစ်မိတ်ဆွေသူငယ်ချင်းကြီး သျှိုင်းရဲဝံ့ရေးတဲ့ 'မျက်စောင်းထိုးအိမ်က မိသားစု' ဝတ္ထုတိုကလေးထဲက အဖြစ်အပျက်များကလည်း မန္တလေးတစ်ခွင်ကြား မြင်နေကြရတယ်လို့လည်း တီးတိုးအသံကြားမိခဲ့ပါတယ်···။ ဘာပဲဆိုဆို မန္တလေးမြို့ကတော့ ပြတ်ရွှေ့သောက,က နိုးထနေပြီလို့ ဆိုရပေတော့မည်။ မန္တလေးမြို့ကြီး ပြန်လည်သစ်လွင်အောင် ကြိုးပမ်းဆောင်ရွက်နေကြပါပြီ။···

**မီဒီယာ**

## (MEVM) ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ဆောင်ရွက်



**ဆီဆိုင် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား ၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်မာဖြိုးက ပထမအကြိမ် (၁၄)ရက်အတွင်း မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာမှုလုပ်ငန်းစဉ် အကြောင်းအရာများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အကြောင်းနှင့် မဲပေးစက်အသုံးပြုပုံ အသုံးပြုနည်းများအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိက ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် စမ်းသပ်မဲပေးခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာမှု၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(ME-VM)ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၊ ကျေးရွာတာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၆၈)**




## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စပေါင်းသန့်ရှင်းရေးပြုလုပ်

**တံတားဦး စက်တင်ဘာ ၂၇**

ဘုရားပုထိုးများ၊ စေတီတော်များ၊ သာသနိကအဆောက်အအုံများ သန့်ရှင်းသာယာရေးအတွက် ရည်ရွယ်ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့၏ စပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲက စဉ့်ကိုင်မြို့နယ် ခံလူးကြီးကျေးရွာ တလိုင်းလေးမျက်နှာဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး)မှ ရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်မောင်တို့ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင် ၄၅ ဦး၊ မိသားစုဝင် ၁၅ ဦး စုစုပေါင်း ၆၀ ဦးတို့က စဉ့်ကိုင်မြို့နယ် ခံလူးကြီးကျေးရွာ တလိုင်းလေးမျက်နှာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သစ်ပင်များ၊ ချုံနွယ်များအား စပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ ရဲမှူးကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ကူညီပံ့ပိုးပေးပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဦးရဲတင့်(ပြန်/ဆက်)**

*-*-*-*-*-*

## သရက်မူလတန်းကြိုကျောင်းတွင် ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**သရက် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သရက်မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သရက်မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ဖောဝါးက အဖွင့်အမှာစကားပြောကြားရာမှာ ယခုလို ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းအားဖြင့် ရင်သွေးငယ်များ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးခြင်း၊ ရဲရင့်သည့်စိတ်ဓာတ်ရှိခြင်း၊ မိမိကိုယ်မိမိယုံကြည်မှုရှိခြင်း အစရှိတဲ့ စွမ်းရည်များ ရရှိအောင်ရည်ရွယ်ပြီး အခုလိုကျင်းပရတာဖြစ်ကြောင်း၊ ကလေးငယ်များ၏ မိမိကိုယ်မိမိယုံကြည်မှုဟာ ယခုလိုရှေးဦးကလေးငယ်အရွယ်ဘဝမှာ အလွန်အရေးကြီးပါကြောင်း ပြောကြားပေးခဲ့ပြီး သရက်မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်ကလေးများ၏ တစ်ဦးချင်း ပုံပြင်ပြောပြိုင်ပွဲကျင်းပခဲ့သည်။

ဆက်လက်ပြီး တစ်ဦးချင်း ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ အင်္ဂလိပ်စကားပြော နှုတ်ဆက်ရွတ်ဆိုပြိုင်ပွဲနှင့် သားငယ်သမီးငယ်ကလေးများ၏ စုပေါင်းသီချင်းဆိုပြိုင်ပွဲများကျင်းပခဲ့ပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ရင်သွေးငယ်ကလေးများအား တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**စော်ထက်(သရက်)**



## ပွင့်ဖြူ-ညောင်ပင်ရွာလမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်း မြေထိန်းနံရံ ၄ စင်း တည်ဆောက်နေမှု စစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပွင့်ဖြူ-ညောင်ပင်ရွာလမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်း မြေထိန်းနံရံ ၄ စင်း တည်ဆောက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပွင့်ဖြူ-ညောင်ပင်ရွာလမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်း မြေထိန်းနံရံ ၄ စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ပွင့်ဖြူ-ညောင်ပင်ရွာလမ်းပေါ်ရှိ ပေ ၄၀ တံတား ချဉ်းကပ်လမ်းဘေးဝဲ၊ ယာတွင် အရှည်ပေ ၅၀ရှိ မြေထိန်းနံရံ ၄ စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၂၁ ဒသမ ၉၂ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ ဇူလိုင် ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နေဘ်လူး**

## လူငယ်နှင့် ဘဝတန်ဖိုး အသိပညာပေး Talk Show ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

အများပြည်သူများ အသိပညာဗဟုသုတများတိုးပွားစေရန်အတွက် ရည်ရွယ်ကာ လူငယ်နှင့် ဘဝတန်ဖိုး အသိပညာပေး Talk Show ဆွေးနွေးပွဲကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Center အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ "လူငယ်နှင့်ဘဝတန်ဖိုး" ခေါင်းစဉ်ဖြင့် "လူငယ်များအနေဖြင့် မိမိရွေးချယ်ထားတဲ့ ဘဝခရီးလမ်းမှာ အောင်မြင်မှုရရှိရန်ဖွဲ၊ လုံ့လ၊ ဝီရိယ ရှိရန်သာမက လူမှုပေါင်းသင်းဆက်ဆံရေး၊ အကျင့်စာရိတ္တများ ကောင်းမွန်စေရန်" စတဲ့ သိမှတ်ဖွယ်ရာ ဗဟုသုတအကြောင်းအရာများစွာကို ဆွေးနွေးပြောကြားခဲ့သည်။




ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများအတွက် ဗဟုသုတများစွာရရှိစေရန် အသိပညာပေးအကြောင်းအရာများကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**ချမ်းမြေ့မောင်**

*-*-*-*-*-*



## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၈)၊ ဦးပိုင်အမှတ်(၅၄-က)၊ မြေကွက်ပေါ်တွင် ဦးကျော်စိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၄၆၈၆၄)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၂၄-က)၊ မြေကွက်ပေါ်တွင် ဒေါ်လှလှမိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၆၈၈၅၂)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်အမှတ်(၃၃)မြေကွက်သည် ဦးမြင့်အောင်အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏ တောင်ဘက်ခြမ်းပေ(၁၅×၄၀)အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေ၊ လျှပ်စစ်မီတာအပါအဝင်ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မြမြထွေးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း နိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊**
**(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၃)၊ ဦးပိုင်အမှတ်(၁၁၄-က)ခဲစင်း၊ မြေကွက်ပေါ်တွင် ဒေါ်ကြေးမုံဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၃၃၄၇၉)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၁၅၈)၊ ၁၁၄လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တူး(၅/ငဇန(နိုင်)၀၀၆၅၀၃)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၄၅၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းဖြူ(၇/ညလပ(နိုင်)၁၇၇၇၂၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်အမှတ်(၇)၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သန်း(၉/မရမ(နိုင်)၀၆၈၇၈၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၅၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းကိုကိုဦး(၅/ကသန(နိုင်)၀၀၀၆၉၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်အမှတ်(၅)၊ ၁၁၄လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မြတ်နှယ်(၉/မနတ(နိုင်)၀၄၇၄၅၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၉၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၄)၊ ဦးပိုင်အမှတ်(၈၄)၊ ၁၁၄လမ်း၊ လမ်း၅၀နှင့် ၅၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်စိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မြတ်နှယ်(၉/မနတ(နိုင်)၀၄၇၄၅၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၉၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်အမှတ်(၈၆)၊ ၁၁၄လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတာတီးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မြတ်နှယ်(၉/မနတ(နိုင်)၀၄၇၄၅၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၉၄/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(E)၊ ဦးပိုင်အမှတ်(၃၂-ခ)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ခင်ကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၇၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နူးခေါ်နန်လ(၁၃/ကခန(နိုင်)၀၀၀၈၅၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၈၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၆)တွင် နေထိုင်သော (ဘ)ဦးသိန်းဝင်း (အမိ)ဒေါ်စန်းငွေး၏သမီး ကျွန်မ-ဒေါ်မြင့်မြင့်သူ(၉/မကန(နိုင်)၁၂၅၄၂၂) နှင့် (ဘ)ဦးညွန့်ဝေ (အမိ)ဒေါ်ငွေးမြင့်၏သား ဦးအောင်မျိုးထွန်း(၅/ဒပယ(နိုင်)၁၂၁၂၃၈)တို့ သည်(၂၄-၉-၂၀၂၅)ရက်တွင် မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သူ**
**(၉/မကန(နိုင်)၁၂၅၄၂၂)**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/အပိုင်း-၇)၊ ဦးပိုင်အမှတ်(၅၄-က)၊ ၃၈လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီရိလင်း(၁၂/ဒဂတ(နိုင်)၀၃၀၉၁၁)က ဂရန်စာချုပ်တင်ပြ၍ ကန့်ကွက်ထားခြင်းအား ပယ်ဖျက်ပေးပါရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်အမှတ်(၇၁)ခဲစင်း၊ ၁၁၀(ဒီ)လမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သောခင်ပွန်းဖြစ်သူ ဦးကျော်ကျော်ဦးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၁၇၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူဒေါ်ခင်နွဲ့(၉/မရတ(နိုင်)၀၀၂၅၄၁)၏(GPရရှိသူဦးစိန်သန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၈၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၅)၊ ဦးပိုင်အမှတ်(၄၀-ခ)ခဲစင်း၊ ၁၄လမ်းနှင့် ၁၅လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ကြည်(၉/မနမ(နိုင်)၀၇၀၅၁၁)၊ ဒေါ်မြမြ(၃/ဘအန(နိုင်)၀၀၈၁၉၁)၊ ဦးပေါစံ(၉/မနမ(နိုင်)၀၇၀၅၆၇)၊ ဒေါ်ခင်စန်းဝင်း(၉/မနမ(နိုင်)၀၇၀၅၁၃)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ဦးပိုင်အမှတ်(၈၄)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင့်ရွှေ(ခ)ဦးတင့်ဆွေ(၉/အမရ(နိုင်)၀၃၀၅၃၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၈၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘ/က)အထက G12 တွင် ပညာသင်ကြားနေသော မောင်ထက်ဝေယံ(၉/ပသက(နိုင်)၁၈၂၁၀၅)၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဦး(၅/စကန(နိုင်)၁၆၂၆၉၃)ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ဦး(၅/စကန(နိုင်)၁၆၂၆၉၃)**

## အသက်သည်သွေး သွေးသည်အသက်

## စာရေးဆရာ သင့်နော်(ဦးသန်းဌေး) ဥတ္တရလွင်ပြင် အသက်(၇၇)နှစ်

မန္တလေးမြို့၊ ရွှေချည်ထိုးအနောက်ရပ်နေ(ဦးစိန်ဟိုး+ဒေါ်ကြင်ညွန့်)တို့၏ သား၊ ဒေါ်ရီရီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကောင်းဝေဖြိုး+ဒေါ်ပိုးပိုးဝင်း၊ ဒေါ်နှင်းဝေဖြိုးနှင့် ဦးဝင်းမင်းထွန်း+ဒေါ်စိမ်းလဲ့ဝေဖြိုးတို့၏ ဖခင်၊ မသီရိနှင့် မောင်မင်းကေဖြိုးတို့၏ အဘိုး

## စာရေးဆရာ သင့်နော်(ဦးသန်းဌေး) ဥတ္တရလွင်ပြင် အသက်(၇၇)နှစ်

သည် ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်၊ စနေနေ့၊ မွန်းလွဲ(၁း၁၅)မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၂၉)ရက်၊ တနင်္လာနေ့၊ နံနက်(၁၀း၃၀)တွင် အေးရိပ်ငြိမ်သုသာန်သို့ သွားရောက်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးရှိဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

❖ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာ ... [see below]

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းပိုင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးသဖြင့် ရထားသံလမ်းပျက်စီးမှုဖြစ်ပွားပြီး လူစီးရထားများကြန့်ကြာမှုဖြစ်

နေပြည်တော် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၆ ရက် ည ၈ နာရီခွဲခန့်တွင် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား၊ ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း မိုင်တိုင်အမှတ် (၁၂၁/၂၀-၂၁)ကြားရှိ ရထားသံလမ်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးထားသဖြင့် ရထားလမ်းထိခိုက်ပျက်စီးခဲ့ပြီး သိမ်ဆိပ်နှင့် ဒုံဝန်းအကြား ရထားလမ်းပိုင်းအား ယနေ့နံနက်ပိုင်းတွင် ယာယီပိတ်ထားရကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ရာတွင် မိုင်းဒဏ်ကြောင့် အရှေ့ဘက်ရထားသံလမ်းသည် တစ်ပေခွဲခန့်တစ်နေရာ ပြတ်တောက်ခြင်း၊ ယင်းနေရာနှင့် သုံးပေခန့်အကွာ တစ်နေရာတွင် သံလမ်းဖိနပ်တစ်ပေခွဲခန့် ပြတ်ထွက်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ရထားလမ်းပျက်စီးခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြတ်တောက်သွားသောသံလမ်းအား ဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နံနက် ၁၀ နာရီ ၁၀ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြုပြင်ပြီးစီးသဖြင့် သိမ်ဆိပ်-ဒုံဝန်း ရထားလမ်းပိုင်းအား ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်၌ ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိသည်။ စာမျက်နှာ ၁၀ သို့ ☆



ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၂၁/၂၀-၂၁)ကြားရှိ ရထားလမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီးစီး၍ RGC ဖြင့် စမ်းသပ်မောင်းနှင်နေစဉ်။

## ပရီးမီးယားလိဂ် ပွဲစဉ်(၆)တွင် ဘရန့်ဖို့ဒ်၊ မန်စီးတီး၊ ဘရိုက်တန်၊ ခရစ္စတယ်ပဲလေ့စ်၊ ဆန်းဒါးလန်းအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



လန်ဒန် ၉န် ၂၇

ပရီးမီးယားလိဂ် ပွဲစဉ် (၆) တွင် ဘရန့်ဖို့ဒ်၊ မန်စီးတီး၊ ဘရိုက်တန်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၆) အဖြစ် ယနေ့ ညနေ ၆ နာရီက ဘရန့်ဖို့ဒ်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရန့်ဖို့ဒ်အသင်းက မန်ယူအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၈ မိနစ်နှင့် ၂၀ မိနစ်တွင် သီယာဂို၊ ပွဲချိန် (၉၀+၅)မိနစ်တွင် ဂျက်ဆန်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ ည ၈ နာရီခွဲတွင်လည်း မန်စီးတီးအသင်းနှင့် ဘန်လေအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဘန်လေအသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၆၅ မိနစ်တွင် အီတာဗီ(OG)၊ ပွဲချိန် ၆၁ မိနစ်တွင် နူနက်ဇ်၊ ပွဲချိန် ၉၀မိနစ်နှင့် (၉၀+၃)မိနစ်တွင် ဟာလန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင်လည်း ဘရိုက်တန်အသင်းက ချဲလ်ဆီးအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲကိုယ်စီရယူခဲ့ကြသည်။

ယနေ့ ည ၁၁ နာရီက ဆန်းဒါးလန်းအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ပွဲစဉ်တွင်လည်း ဆန်းဒါးလန်းအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

## ဒဂုံစတားယူနိုက်တက်(ယူ-၂၁)အသင်းကိုအနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်း

ရန်ကုန် ၉န် ၂၇

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်း၏ MNL Youth (U-21) League Week (22) အဖြစ် ဒဂုံစတားယူနိုက်တက်(ယူ-၂၁)အသင်းကို YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်လူငယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးအား ပွဲချိန် ၃၄ မိနစ်တွင် ခွန်ချိုထူး၏ ပြစ်ဒဏ်ဘောကန်တင်ပေးမှုကနေတစ်ဆင့် ဇင်ဘိုဘိုထွန်းက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် လက်ရှိတွင် (၂၂)ပွဲ ကစား၊ (၁၄)ပွဲနိုင်၊ (၄)ပွဲသရေ၊ (၄)ပွဲရှုံး၊ ရမှတ် ၄၆ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၃)တွင် ရပ်တည်လျက်ရှိပြီး လာမည့် အောက်တိုဘာ ၁ ရက်တွင် ရာမညယူနိုက်တက်(ယူ-၂၁)အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

